ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ စနေနေ့၊ (8-10-2005) (၄၇၄၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပဲခူးတိုင်း ပဲခူးမြို့နယ် သိရိဝေရောစနစေတီတော် ဌာပနာတော်သွင်း ရွှေထီးတော်တင် ပုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညို ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်

ရန်ကုန် အောက်တိုဘာ ၇

ပဲခူးတိုင်း ပဲခူးမြို့နယ် ဥသာမြို့သစ် မဇင်း ရေလှောင်တမံအနီး၌ တည်ထားသည့် သိရိ ဝေရောစနစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီး တော်တင်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် အဆိုပါ စေတီတော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညိုပြီး ရွှေထီးတော်၊ ငှက်မြတ်နား တော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေး သည်။

တက်ရောက်ကြည်ညို

အဆိုပါ မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုး တော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ရေနံချောင်းဆရာတော် ဘဒ္ဒန္တ တေဇနိယ အမှူးပြုသော နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ ပဲခူးတိုင်း အတွင်းရှိ တိုင်းနှင့်မြို့နယ် သံဃနာယကအဖွဲ့ဝင် ဆရာတော် များနှင့် ပင့်သံဃာတော်များ စုစုပေါင်း ၁၀၈ ပါးတို့ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ●



ပင့်ဆောင်ပူဇော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော ပရိသတ်များက သိရိဝေရောစန စေတီတော်၏ စိန်ဖူးတော်ကို မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်စဉ်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၈-၁၀-၂၀၀၅
(စနေနေ့)

အားကစားအောင်မြင်မှုများ ထိန်းသိမ်းမြှင့်တင် နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ရေး ဆက်လက်ကြိုးပမ်း

မျက်မှောက် ကမ္ဘာ့အားကစားနယ်ပယ်ကို လေ့လာကြည့်လျှင် အံ့မခန်း တိုးတက်မြင့်မားလျက်ရှိသည်ကို တွေ့မြင်ရသည်။ အားကစားနည်း အမျိုးအစားအလိုက် အားကစားသမားများ၏ စွမ်းဆောင်ရည်၊ နည်းစနစ်၊ ကြံ့ခိုင်မှုအပိုင်းတို့တွင် တစ်ဟုန်ထိုး မြင့်မားလာလျက်ရှိသည်။

မြန်မာ့အားကစား တိုးတက်ဖြစ်ပေါ်မှုများကို ပြန်လည်လေ့လာကြည့်ပါက တစ်ချိန်သောအခါက မြန်မာ့အားကစားသည် အရှေ့တောင်အာရှတွင်သာမက အာရှမှသည် အိုလံပစ်စင်မြင့်အထိ တက်လှမ်းရောက်ရှိနိုင်ခဲ့သည်။ အထူးသဖြင့် ဘောလုံးအားကစားနှင့် မြန်မာ့ပြေးခုန်ပစ်အားကစားအကျော်အမော်တို့သည် အရှေ့တောင်အာရှတွင် အောင်ပွဲဆင်နိုင်ခဲ့ကြသော မှတ်တိုင်များရှိခဲ့သည်။ မြန်မာဘောလုံးအသင်းသည် အာရှဘောလုံးလောက၌ သရဖူဆောင်းကာ အောင်နိုင်ခဲ့သည်။

ယခုအခါ နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေးဦးတည်ချက်နှင့်အညီ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် တစ်ခဲနက်အားပေးမြှင့်တင်လျက်ရှိသည်။ တစ်မျိုးသားလုံး ပြည်သူတစ်ရပ်လုံးကလည်း မြန်မာ့အားကစားအောင်မြင်မှု အပြည့်အဝရရှိစေရန် အင်တိုက်အားတိုက်မျှော်လင့်အားပေးနေသည့် ကာလဖြစ်ပေသည်။

၂၀၀၅ ခုနှစ် အာဆီယံအသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော ချန်ပီယံမြန်မာ လူငယ်လက်ရွေးစင်ဘောလုံးအသင်းအား ဂုဏ်ပြုသည့် အခမ်းအနားကို အောက်တိုဘာလ ၃ ရက်နေ့က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားပြီး အောင်ပွဲရ မြန်မာလူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (၁)ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် **နည်းစနစ်မှန်မှန်လေ့ကျင့်သား ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှုနှင့် ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှုတို့သည် ပြိုင်ပွဲများ၏ အောင်မြင်မှုအတွက် အခြေခံအကြောင်းရင်းများဖြစ်ကြောင်း၊ ထို့ကြောင့်ရရှိပြီးဖြစ်သည့် အောင်မြင်မှုများကို ထိန်းသိမ်း မြှင့်တင်ပြီး အောင်မြင်မှုများ ဆက်လက်ဆွတ်ခူးနိုင်စေရအောင် မပေါ့သောသတိ၊ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆက်လက်ပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်ကြိုးစားအားထုတ်သွားကြပါ**ဟူ၍ မှာကြားသွားသည်။

နိုင်ငံတော်နှင့်ပြည်သူများ၏ အားပေးထောက်ပံ့မှုများနှင့်အညီ မြန်မာ့အားကစားသည် တစ်စတစ်စ အောင်မြင်မှုများ ပြန်လည်ရရှိလာခဲ့ပြီ ဖြစ်သည်။

မြန်မာလူငယ် ဘောလုံးအသင်းသည် ယခုနှစ်အတွင်း ကျင်းပသည့် သက်တမ်းအလိုက် ဘောလုံးပြိုင်ပွဲများ၌ အမြင့်ဆုံးအဆင့် ဖြစ်သည့် အသက်(၂၀)အောက် အာဆီယံလူငယ်ဘောလုံးချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့သည်။ ယခုတစ်ဖန် အသက်(၁၇)နှစ်အောက် အာဆီယံလူငယ်ဘောလုံး ပြိုင်ပွဲတွင်လည်း မြန်မာလူငယ်အသင်းက ချန်ပီယံဆုကို ဒုတိယအကြိမ် ပြန်လည်ရရှိလာခဲ့သည်။

ယခုကဲ့သို့ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ရယူဆွတ်ခူးနိုင်ခြင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားခြင်းဂုဏ်ကို ဖော်ဆောင်ပေးနိုင်ခြင်းလည်း ဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်က ယခုကဲ့သို့ အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အားကစားနည်းအလိုက် တာဝန်ယူပြီး စိတ်အားထက်သန်စွာ အားပေးချီးမြှောက်မှုများပြုလုပ်လာခြင်းသည်လည်း ယနေ့ မြန်မာ့အားကစားလောက၏ ထူးခြားသည့် တိုးတက်ဖြစ်ထွန်းမှု တစ်ရပ်ပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့်ပြည်သူများက မြန်မာ့အားကစား အဆင့်အတန်း မြင့်မားလာစေရန် အဘက်ဘက်က အားပေးချီးမြှောက်နေသည့် အချိန်အခါတွင် မြန်မာလူငယ်အားကစားသမားများက ရရှိပြီးဖြစ်သည့် အောင်မြင်မှုများကို ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ရေး ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆက်လက်ကြိုးပမ်း ယှဉ်ပြိုင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်တွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅)ကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ၂၀၀၅ကို အောက်တိုဘာ ၄ ရက် နံနက် ၇ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ)၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြည်နယ်/ခရိုင်နှင့် မြို့နယ်အသင်းများမှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ စစ်တွေမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅)တွင် အမှာစကား ပြောကြားစဉ်။ (ပို့ဆောင်ရေး)

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာနှင့် ငါးဘာသာ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ အား လည်းကောင်း၊ တာဝန် ရှိသူများက လေးဘာသာနှင့်အောက် ဂုဏ်ထူးရရှိသူများအား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။ ထို့နောက်နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

နှစ်ဖက်မိဘများနှင့် သား မောင်ခင်မောင်ဝင်း တို့အား ရည်စူး၍ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်းနေ ဒေါက်တာဦးစိုးဝင်း-ဒေါ်ကျင်သန်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ် (ငြိမ်း)လက်ခံယူစဉ်။ (က-ပ)

အုပ်ချုပ်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်း

ရန်ကုန် အောက်တိုဘာ ၇

မန္တလေးတိုင်း မန္တလေးခရိုင် (မန္တလေး စည်ပင်သာယာနယ်နိမိတ်) အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ အုပ်ချုပ်ရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၅)ဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်တွင် မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းဆင်း လက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ မန္တလေးခရိုင် အတွင်းရှိ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အောင်မြေသာစံနှင့် မဟာအောင်မြေမြို့နယ်တို့မှ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်သင်တန်းသား ၈၇ ဦးတို့ တက်ရောက်ခဲ့သည်။ (သတင်းစဉ်)

ဓမ္မဗိမာန် စာပေဆုနှင့် ဆန်းလွင်စာပေဆု ပြိုင်ပွဲဝင်ရက်တိုးမြှင့်

ရန်ကုန် အောက်တိုဘာ ၇

ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကား ပြန့်ပွားစေရန် ရည်ရွယ်၍ ဆရာတော် ဦးသာသနဝရ (ဓမ္မာစရိယ မဟာဝိဇ္ဇာ)တည်ထောင်သော ဓမ္မဗိမာန် စာပေဆုနှင့် ဆန်းလွင်စာပေဆုများကို စိတ်ပါဝင်စားသူ ရဟန်း၊ ရှင်လူများ ပါဝင် ယှဉ်ပြိုင်နိုင်ရန် သတ်မှတ်ရက်ကို နှစ်လ ထပ်မံတိုးမြှင့်လိုက်သည်။

ယင်းပြိုင်ပွဲတွင် သာသနာ့သမိုင်း စာပေဆု (ပ-ဒု-တ)၊ အထွေထွေဓမ္မ စာပေဆု (ပ-ဒု-တ)၊ ဗုဒ္ဓတရားတော် အင်္ဂလိပ်ဘာသာ စာပေဆု(ပ-ဒု-တ)၊ ဓမ္မယဉ်ကျေးမှုစာပေဆု (ပ-ဒု-တ)၊ ပိဋကတ်ကျမ်းစာ သုတေသနစာပေဆု (ပထမဆု)၊ ပုံနှိပ်ပြီး ဓမ္မစာပေဆု (ပထမဆု)နှင့် ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆု ရှစ်ဆု အမျိုးစား ခုနစ်မျိုးတို့ကို ဆုရွေးချယ်မည်ဖြစ်သည်။

ဓမ္မာစရိယနှင့် ပါဠိပထမပြန် ပထမဆုများကို ၂၀၀၅ ခုနှစ် စာမေးပွဲမှ အထူးအောင် ရဟန်းသာမဏေ၊ သီလရှင် ပထမဆုရသူများအား ချီးမြှင့်မည်ဖြစ်ပြီး ပုံနှိပ်ပြီး ဓမ္မစာပေဆုကို ၂၀၀၅ ခုနှစ်အတွင်း ပုံနှိပ် ထုတ်ဝေသည့် ဓမ္မစာပေစာအုပ်များထဲမှ ရွေးချယ်မည်ဖြစ်ရာ ပါဝင် ယှဉ်ပြိုင်လိုသူများသည် ဓမ္မဗိမာန်သို့ လိပ်မူ၍ စာအုပ်နှစ်အုပ် ပို့ပေးရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများကို နိုဝင်ဘာ ၃၀ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ် ကြောင်းနှင့် ပြိုင်ပွဲဝင် ပုံစံများကို ဓမ္မဗိမာန် အမှတ်(၆၀၆)ဒုတိယထပ်(၅)လမ်းနှင့်(၆)လမ်းကြား ကမ်းနားလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန် ဖုန်း-၂၁၁၃၅၉၊ ၃၈၅၁၉၃ တို့သို့ အခမဲ့ လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန် အောက်တိုဘာ ၇

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၀)ရပ်ကွက် မောင်းမကန်ကမ်းသာလမ်း ခေမာသီရိကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၁၆၆)တွင် (၂၆)ကြိမ်မြောက် ၁၀ ရက် ဝိပဿနာတရားစခန်းကို အောက်တိုဘာ ၈ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ ကြွရောက် တရားအားထုတ်ကြရန် ဖိတ်ကြားထားသည်။

(က-ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ရန်ကုန်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ လာရောက်တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ရန်ကုန်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော UNRC/UNDP, UNICEF, FAO, WHO, UNODC, UNHCR, UNFPA, UNAIDS **တို့မှ ဌာနေကိုယ်စားလှယ်များ၊ တာဝန်ရှိသူများသည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ ဗဟိုအလုပ် အမှုဆောင် ဦးစိုးသာနှင့် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ်နှင့် ကျေးလက်ဒေသမီးလင်းရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။ ယင်းနောက် တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပြီး တွေ့ဆုံပွဲအခမ်းအနား ညနေ ၅နာရီတွင် ပြီးဆုံးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားနှင့် အသက်(၇၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ပွဲကို အောက်တိုဘာ ၅ ရက်က တိုက်ကြီး(မြို့မ)အထက၌ ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးသိန်းစံအောင် အမှာစကားပြောကြားစဉ်။(က–ပ)

မင်္ဂလာဈေးဓမ္မာရုံတရားပွဲ

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံတော်၌ အောက်တိုဘာ ၉ရက်ညတွင် ဓမ္မဒူတ အရှင်ဥာဏဝရ၊ အောက်တိုဘာ ၁၆ ရက်ညတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ အရှင်သူမြတ်တို့က တရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

အထက (၁) ကြည့်မြင်တိုင် အာစရိယ ပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၇

အထက (၁) ကြည့်မြင်တိုင် (ကြည့်မြင်တိုင် မိန်းကလေး အထက်တန်းကျောင်း) (ယခင်အေဘီအမ်)၏ ဒုတိယအကြိမ် စုပေါင်းအာစရိယ ပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ယင်းကျောင်း မြတ်ဝတ်ရည်ခန်းမ၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အလှူငွေများကို ဒေါ်စွမ် ဖုန်း–၂၂၃၂၅၊ ဒေါ်ခင်တီတီ ဖုန်း–၅၁၂၆၆၇၊ ဒေါ်အေးအေးသန်း ဖုန်း–၅၂၄၄၀၅၊ ဒေါ်ညွန့်ညွန့်စိန် ဖုန်း–၆၅၀၅၅၄၊ ဒေါ်သဇင် ဖုန်း–၅၀၀၁၉၈နှင့် ဒေါ်စပယ် ဖုန်း–၅၃၄၇၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ ဆရာမကြီးများအနေဖြင့် အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြရန်နှင့် ဆက်သွယ်ဆောင်ရွက်ကြရန် ဖိတ်ကြားနိုးဆော် ထားသည်။ (က–ပ)



၂၀၀၅ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော အရည်သွေးမီ ပုလဲအတွဲများအနက် ကြမ်းခင်းဈေးနှုန်း အများဆုံး ငွေရောင်ပုလဲအတွဲ အမှတ် (၂၅၃) ကို တွေ့ရစဉ်။

(သတင်းစဉ်)

နှစ်လယ်ရတနာပြပွဲ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် ၁၄၃၆ဦးရောက်ရှိ ပုလဲအတွဲပေါင်း ၂၇၃တွဲကို စတင်ရောင်းချမည်

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၅ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ အောက်တိုဘာ ၅ရက်မှ ယနေ့အထိ သုံးရက်အတွင်း နိုင်ငံပေါင်း ၁၁နိုင်ငံ၊ ကုမ္ပဏီပေါင်း ၁၄၅ခုမှ ရတနာကုန်သည် ၇၀၁ဦးနှင့် ပြည်တွင်းကုမ္ပဏီပေါင်း ၃၀၅ခုမှ နိုင်ငံသားရတနာကုန်သည် ၇၃၅ဦး စုစုပေါင်း ၁၄၃၆ဦး ရောက်ရှိနေကြသည်။

အဆိုပါ ရတနာကုန်သည်များသည် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြသည်။ ပြည်ပမှ ကျောက်စိမ်း ရတနာကုန်သည်များသည် ဆက်လက်၍ ထပ်မံရောက်ရှိကြမည်ဖြစ်သည်။

၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိနေကြသော ပြည်ပနိုင်ငံများမှ ကုမ္ပဏီများနှင့် တက်ရောက်လာကြသူများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကုမ္ပဏီ ၁၀၈ခုမှ ရတနာကုန်သည် ၅၇၇ဦး၊ စင်ကာပူသမ္မတနိုင်ငံ ကုမ္ပဏီနှစ်ခုမှ ရတနာကုန်သည်လေးဦး၊ ထိုင်းနိုင်ငံကုမ္ပဏီ ၂၀မှ ရတနာကုန်သည် ၉၀၊ ဂျပန်နိုင်ငံကုမ္ပဏီခုနစ်ခုမှ ရတနာကုန်သည် ၁၀ဦး၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦး၊ ကနေဒါနိုင်ငံကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်ငါးဦး၊ အိန္ဒိယသမ္မတနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်သုံးဦး၊ ကိုရီးယားသမ္မတနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်နှစ်ဦး၊ အီတလီနိုင်ငံကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်နှစ်ဦး၊ ဩစတြေးလျနိုင်ငံ ကုမ္ပဏီနှစ်ခုမှ ရတနာကုန်သည်သုံးဦး၊ မလေးရှားနိုင်ငံကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်လေးဦးနှင့် ပြည်တွင်းကုမ္ပဏီ ၃၀၅ခုမှ နိုင်ငံသားရတနာကုန်သည် ၇၃၅ဦး တို့ဖြစ်ကြသည်။

၂၀၀၅ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော အရည်သွေးမီ ကျောက်စိမ်းတုံးများကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာနေကြစဉ်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ အောက်တိုဘာ ၈ရက် (ယနေ့) နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ပုလဲတွဲ အမှတ် ၂၅၃ ကမ္ဘာ့ဈေးကွက်မီ အရည်အသွေးကောင်းမွန်သည့် ငွေရောင်ပုလဲလုံးရေ ၁၁၃ လုံး ပါဝင်၍ ၆၇ ဒသမ၅၀ မိုမီရှိပြီး ကြမ်းခင်းဈေး အများဆုံးပုလဲတွဲကြီး အပါအဝင် ပုလဲအတွဲပေါင်း ၂၇၃တွဲကို ရောင်းချသွားမည်ဖြစ်သည်။

ယခုနှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသော ပုလဲအတွဲများကို ပြည်ပမှ ရတနာကုန်သည်များ အထူးစိတ်ဝင်စား၍ ပိုမိုလာရောက်ကြရာ ပြည်ပနိုင်ငံ ကုမ္ပဏီရှစ်ခုမှ ရတနာကုန်သည် ၁၁ဦး ရောက်ရှိနေပြီး ပုလဲအတွဲများကို ဝယ်ယူကြမည်ဖြစ်သည်။ ယခင်ကျောက်မျက်ရတနာပြပွဲများ၌ ပုလဲရတနာအတွဲများ လာရောက် ဝယ်ယူကြသော ပြည်ပရတနာကုန်သည်များမှာ ငါးဦးခန့်သာ အများဆုံးရှိခဲ့သည်။

(သတင်းစဉ်)

မရိန်းတပ်ဖွဲ့ဝင်လေးဦး အီရတ်တွင် သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၇

အီရတ်နိုင်ငံ ဖလူးဂျာမြို့အနီးရှိ ဂါမာမြို့တွင် စစ်ဆင်ရေးတာဝန် ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားသည့် ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်လေးဦး သေဆုံးရကြောင်း အမေရိကန် စစ်ဘက်ကသောကြာနေ့တွင် ပြောကြားသည်။

လမ်းဘေး ဗုံးပေါက်ကွဲမှုတစ်ရပ်ကြာသပတေးနေ့က ဖြစ်ပွားခဲ့ရာတွင် အမေရိကန်မရိန်း တပ်ဖွဲ့ဝင်လေးဦး သေဆုံးရကြောင်း စစ်ဘက်ဆိုင်ရာကြေညာချက်တွင် ဖော်ပြသော်လည်း အသေးစိတ်ကို ဖော်ပြခြင်းမရှိပေ။

မြို့တော်ဘဂ္ဂဒက်အနောက်ဘက် မိုင် ၃၀အကွာခန့်ရှိ ဖလူးဂျာမြို့သည် အမေရိကန်တပ်ဖွဲ့နှင့် ရှီးယိုက်ဦးဆောင်သော အီရတ်အစိုးရအဖွဲ့တို့ကို ဆန့်ကျင်နေသည့် ဆွန်နီအာရပ် ခုခံတိုက်ခိုက်ရေးသမားများ၏ ခြေကုပ်မြို့ဖြစ်သည်။

ယခုဖြစ်ပွားသော တိုက်ခိုက်မှု အပါအဝင် အီရတ်တွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးရသမျှမှာ ယခုအချိန်ထိ ၁၉၄၆ ဦးအထိ ရောက်ရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ တောင်ပြိုမှုဖြစ်ပွား ဘတ်စ်ကားစီးခရီးသည် ၁၃ဦး သေဆုံး

ချန်ဒီဂါး(အိန္ဒိယ) အောက်တိုဘာ ၇

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ခရီးသည်တင်ဘတ်စ်ကားတစ်စီး မောင်းနှင်လာစဉ် တောင်ပြိုမှုဖြစ်ပွားခဲ့ရာ ၁၃ဦး သေဆုံးကြောင်း၊ သေဆုံးသူများတွင် အစ္စရေးလူမျိုးတစ်ဦးပါဝင်ကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

တောင်ပြို

အိန္ဒိယနိုင်ငံတွင် ဟီမာချယ်လ် ပရာဒေ့ရှ်ပြည်နယ်၏ တောင်တန်းဒေသ၌တည်ရှိသော မနီကာရန်မြို့ငယ်အနီးတွင် အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ တောင်ပြိုမှုကြောင့် ယင်းဘတ်စ်ကားမှာ မြေကြီးအောက်သို့ ရောက်ရှိသွားကြောင်း၊ သေဆုံးသူများတွင် နီပေါလူမျိုး အမျိုးသမီးတစ်ဦးလည်း ပါဝင်ကြောင်း၊ မည်သည့်လူမျိုးမှန်းမသိရသော ရုပ်အလောင်းနှစ်လောင်းမှာ နိုင်ငံခြားသားများဖြစ်သည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မတော်တဆမှု

တောင်တက်ဝါသနာပါသည့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့ရှိရာ ဟီမာချယ်လ် ပရာဒေ့ရှ်ပြည်နယ်၏ မြို့တော်မြောက်ဘက် ၁၈၆ မိုင်အကွာခန့်နေရာတွင် ဖြစ်ပွားသည့် အဆိုပါမတော်တဆမှုတွင် လူခြောက်ဦး ဒဏ်ရာရရှိသည်။ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ဘတ်စ်ကားအတွင်း ပိတ်မိနေသူများကို ရှာဖွေတွေ့ရှိနိုင်ရန် ကြိုးပမ်းခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက် မိုင် ၁၄၀ အကွာရှိ ဟာဒီသာမြို့တွင် လုံခြုံရေး ဆောင်ရွက်နေကြသော ကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံတွင် ဗုံးပေါက်ကွဲ လူနှစ်ဦးသေဆုံး၊ လူရှစ်ဦး ဒဏ်ရာရရှိ

ကဘူး အောက်တိုဘာ ၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသရှိ ကန်ဒါဟာပြည်နယ်တွင် အင်္ဂါနေ့ မွန်းလွဲပိုင်းက ဗုံးပေါက်ကွဲခဲ့သဖြင့် လူနှစ်ဦးသေဆုံးခဲ့ရကြောင်းဖြင့် အာဖဂန်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

သေဆုံး

ကန်ဒါဟာပြည်နယ် စပင်ဘိုဒက်စစ်ဆေးရေးဂိတ်ပေါက်အနီးဗုံးပေါက်ကွဲရာတွင် အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦး သေဆုံးခဲ့ကြောင်း၊ ဗုံးကို မိုးပျံပူဖောင်းအတွင်း ထည့်သွင်းပြီး ဂိတ်ဝအနီးတွင် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်း ပေါက်ကွဲမှုကြောင့် အမျိုးသမီးတစ်ဦး အပါအဝင် လူရှစ်ဦးဒဏ်ရာရရှိသည်ဟု ရဲမှူး အဗ္ဗဒူရာဇက်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

စုံစမ်းစစ်ဆေး

ယင်းကိစ္စနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်နေဆဲဖြစ်ပြီး ဗုံးဖောက်ခွဲသူ တစ်ဦးကိုမျှ ဖမ်းဆီးရမိခြင်း မရှိသေးဟု ရဲမှူးက ထပ်လောင်းပြောကြားသည်။

တည်ရှိ

အဆိုပါ ဖြတ်သန်းသွားလာကြသည့် ဂိတ်ပေါက်သည် အာဖဂန်နှင့် ပါကစ္စတန်နိုင်ငံနယ်စပ်၌ တည်ရှိနေသည့် အလွန်တရာကြီးမားသည့် ဂိတ်ပေါက်ဖြစ်ပြီး ယင်းနေရာမှ နှစ်နိုင်ငံအတွင်းမှ လူများ ရာချီ၍ နေ့စဉ်ဖြတ်သန်းလျက်ရှိကြသည်။

တာလီဘန် တိုက်ခိုက်ရေးသမားများသည် စက်တင်ဘာ ၁၈ ရက်က ကျင်းပ ခဲ့သည့် ပါလီမန်ရွေးကောက်ပွဲကမောက်ကမ ဖြစ်စေရန် မစွမ်းဆောင်နိုင်ခဲ့သဖြင့် အာဖဂန်နှင့် ပြည်ပတပ်ဖွဲ့များအား တိုးမြှင့်တိုက်ခိုက်လျက်ရှိသည်။ မကြာမီရက်အတောအတွင်း တာလီဘန် ဗုံးဖောက်ခွဲသူတစ်ဦးက အာဖဂန်အမျိုးသား ကြည်းတပ်မှ တပ်ဖွဲ့ဝင် ၁၀ ဦးအား သတ်ဖြတ်ခဲ့ပြီး ကဘူးမြို့တော် ဘတ်စ် မော်တော်ယာဉ်ဂိတ်တွင် လူ ၃၆ ဦး ဒဏ်ရာရရှိစေခဲ့သည်။

တစ်ချိန်တည်းတွင် အာဖဂန်တပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ မကြာမီက ၎င်းတို့ကို ပြုလုပ်ခဲ့သည့် စစ်ရေးလှုပ်ရှားမှုအတွင်း တာလီဘန် ၂၈ ဦးအား စနေနေ့ညက သတ်ဖြတ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အကြမ်းဖက် တိုက်ခိုက်မှု ဘေးအန္တရာယ် ဖိလစ်ပိုင်နိုင်ငံကို ခြိမ်းခြောက်လျက်ရှိ

မနီလာ အောက်တိုဘာ ၆

ဖိလစ်ပိုင်နိုင်ငံရှိ ခွဲထွက်ရေးသမားများနှင့် ရာဇဝတ်ဂိုဏ်းသား အင်အားစုများဖြင့် နှိုင်းယှဉ်ကြည့်ပါက အကြမ်းဖက်တိုက်ခိုက်မှုသည် ဖိလစ်ပိုင်နိုင်ငံတွင် အကြီးမားဆုံးသော ခြိမ်းခြောက်မှုအန္တရာယ်တစ်ရပ်ဖြစ်နေကြောင်းဖြင့် အစိုးရတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အကြမ်းဖက် တိုက်ခိုက်မှုသည် လက်ရှိကာလတွင် ဖြစ်ပွားနေသည်မှာ အထင်အရှားဖြစ်နေပြီး လူထုအတွင်း အကြီးမားဆုံးသော နံပါတ်တစ် ခြိမ်းခြောက်မှု အန္တရာယ်တစ်ရပ်ဖြစ်နေပြီဟု ပြည်ထဲရေးဝန်ကြီး အင်ဂျလိုရေယက်စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဘာလီကျွန်းတွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်ကို မိမိတို့မြင်တွေ့ပြီးပြီဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် အကြမ်းဖက်သမားအချို့ ရောက်ရှိနေပြီး အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ် အထင်အရှားရှိနေသည့် သတင်းများရရှိထားကြောင်း အင်ဂျလိုရေယက်စ်က ပြောကြားသည်။

ဘာလီကျွန်းတွင် ဗုံးဖောက်ခွဲခဲ့သည့် ဂျမားအစ္စလမ်မီးယား အကြမ်းဖက်အုပ်စုဝင် နှစ်ဦး ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းဒေသရှိ မင်ဒါနာအိုကျွန်းတွင် သင်တန်းတက်ရောက်ခဲ့ကြသည့် သတင်းအား ရီယက်စ်က အလေးမထားဘဲ ပြောကြားသည်။

ဂျမားအစ္စလမ်မီးယား အုပ်စုဝင် နှစ်ဦး ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိနေသည့် ကိစ္စနှင့်ပတ်သက်၍ ၎င်းက အဆိုပါအဖွဲ့ဝင်များ ဖိလစ်ပိုင် ပြန်လာသည်ကို မတားဆီးနိုင်ကြောင်း၊ ၎င်းတို့ ရောက်ရှိလာပါက ၎င်းတို့၏ သတင်းများ မှန်မမှန်စစ်ဆေးပြီး ၎င်းတို့နောက်လိုက် ရှာပုံတော်ဖွင့်ရမည်ဟု ရီယက်စ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အယ်လ်ဆာဗေဒိုနိုင်ငံတွင် မိုးသည်းထန်စွာ ရွာပြီး လစ်ပါမြစ်ရေလျှံမှုကြောင့် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေကြသူများကို အောက်တိုဘာ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒီဗွီဒီ ခိုးကူးယူမှု၊ ရောင်းချမှုတို့ဖြင့် အမေရိကန်နိုင်ငံသားတစ်ဦး စစ်ဆေးခံရ

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၆

အင်တာနက်မှတစ်ဆင့် ဒီဗွီဒီအချပ်များ ခိုးကူးကာ ဖြန့်ချိရောင်းချမှုဖြင့် တရုတ်ပြည်တွင် အကျဉ်းကျခံခဲ့ရသူ အမေရိကန်နိုင်ငံသားတစ်ဦးကို ကုန်ပစ္စည်းအတုများရောင်းချမှု စွပ်စွဲချက်ဖြင့် အမေရိကန်ပြည်ထောင်စုသို့ ၎င်းဆိုက်ရောက်လာစဉ် ဖမ်းဆီးကာ ထိန်းသိမ်းထားခဲ့ကြောင်း အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ပြောကြားသည်။

၎င်းအမေရိကန်သည် ဟော့ဘ်ဆန်ဂတ်သရီဖြစ်ပြီး တရုတ်ပြည် ရှန်ဟိုင်းမှတစ်ဆင့် အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ် နိုင်ငံတကာလေဆိပ်သို့ သောကြာနေ့က ဆိုက်ရောက်လာခြင်းဖြစ်သည်။

ယခုကိစ္စသည် ပထမဆုံးသော ကုန်ပစ္စည်းခိုးကူးယူမှု စုံစမ်းစစ်ဆေးမှုဖြစ်ပြီး အမေရိကန် လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်ဌာနနှင့် တရုတ်ဥပဒေစိုးမိုးရေးအာဏာပိုင်များက ပူးပေါင်းပြုလုပ်ကြခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဟီလာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား လူ ၂၅ ဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တောင်ပိုင်းရှိ အဆောက်အအုံတစ်ခုရှေ့တွင် ဗုံးဖောက်ခွဲသူတစ်ဦးက ဗုံးဖောက်ခွဲရာ လူ ၂၅ ဦးထက်မနည်း သေဆုံးပြီး ၈၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် ပြည်ထဲရေးသတင်းရပ်ကွက်က ပြောကြားသည်။

ဘဂ္ဂဒက်တောင်ပိုင်း ကီလိုမီတာ ၁၀၀ အကွာရှိ ဟီလာမြို့မှ ရှီးယိုက်များ စုရုံးရောက်ရှိနေကြစဉ် အဆောက်အအုံဝင်ပေါက်ဝတွင် ဗုံးပေါက်ကွဲခြင်းဖြစ်သည်ဟု ဖော်ပြပါ သတင်းရပ်ကွက်က ဆင်ဟွာ သတင်းဌာနအား ပြောကြားသည်။

ကားဗုံးဖောက်ခွဲမှုကြောင့် လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ပြီး အခြားလူ ၄၀ ထိခိုက်ဒဏ် ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က စောစောပိုင်းက ပြောကြားခဲ့သည်။

လွန်ခဲ့သည့် သောကြာနေ့ကလည်း ဟီလာမြို့ရှိ လူစည်ကားရာ ဈေးတစ်ခုတွင် ကားဗုံးဖောက်ခွဲမှုကြောင့် အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်နှစ်ဦး အပါအဝင် လူ ၁၀ ဦးသေဆုံးခဲ့ပြီး ၃၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆယ်ကျော်သက် လူမည်းတစ်ဦးကို သတ်ဖြတ်မှု လူ သုံးဦးကို ဗြိတိသျှရဲတပ်ဖွဲ့က ဖမ်းဆီး

လန်ဒန် အောက်တိုဘာ ၆

ဗြိတိန်နိုင်ငံ လီဗာပူးဆိပ်ကမ်း၌ ဇူလိုင်လက ဆယ်နှစ်အရွယ် လူမည်းကလေးတစ်ဦးကို သတ်ဖြတ်မှုနှင့် ဆက်နွယ်နေသူ သုံးဦးကို အောက်တိုဘာ ၄ ရက်တွင် ဗြိတိသျှရဲတပ်ဖွဲ့က ဖမ်းမိခဲ့သည်။

မာဆေးဆိုဒ်ပန်းခြံတွင် အသက်(၁၈)နှစ်အရွယ်ရှိ အလုပ်သမားတစ်ဦးကို ပုဆိန်ဖြင့် သတ်ခဲ့သည်။

- စွဲချက်တင် -

အဆိုပါ အလုပ်သမားကို လူသတ်မှုဖြင့် လူနှစ်ဦးကို စွဲချက်တင်ထားပြီး ထိုလူသတ်မှုနှင့် ဆက်နွယ်သူ စုစုပေါင်း ၁၂ ဦးကိုလည်း ဖမ်းဆီးခဲ့သည်။

ဒေသဆိုင်ရာရဲဌာနက ၎င်းတို့သုံးဦးကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းတွင် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့သည်ဟု မာဆေးဆိုဒ် ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

- ဖမ်းဆီး -

အသက်(၃၁)နှစ်ရှိ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို ကစ်စ်ဒါလီဒေသတွင်လည်းကောင်း၊ အသက်(၁၈)နှစ်ရှိ အမျိုးသားတစ်ဦးကို ဟွန်တွန်ဒေသတွင်လည်းကောင်း ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောဆိုခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘင်္ဂလားဒေ့ရှ်ဆေးဝါးများ အာဖရိကမြောက်ပိုင်းသို့ တင်ပို့မည် အာဖရိကနိုင်ငံများတွင် ဈေးကွက်ရှာရန် လေ့လာရေးအဖွဲ့သွားရောက်

ဒါကာ အောက်တိုဘာ ၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လွန်ခဲ့သည့်ဘဏ္ဍာရေးနှစ်တွင် ပို့ကုန်လုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၁သန်း ရရှိခဲ့ကြောင်း၊ မြောက်အာဖရိကနိုင်ငံများရှိ ဈေးကွက်များသို့ ဆေးဝါးများတင်ပို့ရန် လေ့လာလျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

လာမည့်နှစ် မတ်လထက် နောက်မကျဘဲ မြောက်အာဖရိကနိုင်ငံများသို့ ဆေးဝါးများ တင်ပို့နိုင်မည်ဟုမျှော်မှန်းထားကြောင်း ဘင်္ဂလားဒေ့ရှ် ဆေးဝါးထုတ်လုပ်ရေးအသင်း (ဘီအေပီအိုင်) ဥက္ကဋ္ဌ အက်စ်အမ်ဆာဖီဇာမင်က ဆင်ဟွာသတင်းဌာနကို တနင်္ဂနွေနေ့တွင် ပြောကြားသည်။

မြောက်အာဖရိက ဒေသတွင် ဈေးကွက်ရှာဖွေရန် အဖွဲ့ဝင် ၁၆ ဦး ပါဝင်သည့် ဘင်္ဂလားဒေ့ရှ် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ လေ့လာရေးအဖွဲ့တစ်ဖွဲ့သည် အီဂျစ်၊ အယ်လ်ဂျီးရီးယား၊ မော်ရိုကို၊ တူနီးရှား၊ လစ်ဗျားနှင့် ဆူဒန်နိုင်ငံတို့ အပါအဝင် မြောက်အာဖရိကနိုင်ငံများသို့ မကြာသေးမီက သွားရောက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

လေ့လာရေးအဖွဲ့သည် အဆိုပါနိုင်ငံများမှ တာဝန်ရှိသူများနှင့် အကျိုးရှိသော ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပြီး ၎င်းတို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆေးဝါးများကို တင်သွင်းရန် စိတ်ဝင်စားကြကြောင်း ဘီအေပီအိုင်ဥက္ကဋ္ဌက ပြောကြားသည်။

မြောက်အာဖရိက နိုင်ငံများမှ လေ့လာရေးအဖွဲ့တစ်ဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မကြာမီ လာရောက်ပြီး ဘင်္ဂလားဒေ့ရှ်မှ သွင်းကုန်ပစ္စည်းအလားအလာများကို လေ့လာမည်ဖြစ်သည်။ ဆေးဝါးများ တင်သွင်းရေးနှင့် ပတ်သက်သည့် ရုံးလုပ်ထုံးလုပ်နည်းများကိုလည်း ပြီးစီးအောင် ဆောင်ရွက်ဖွယ်ရှိသည်။

ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံပေါင်း ၆၂ နိုင်ငံသို့ ဆေးဝါးများ တင်ပို့လျက်ရှိပြီး ပြည်တွင်း ဆေးဝါးလိုအပ်ချက်၏ ၉၅ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးသည်။ ဆေးဝါး ၅ ရာခိုင်နှုန်းကိုသာ ပြည်ပနိုင်ငံများမှ တင်သွင်းသည်။ တင်သွင်းသည့် ဆေးဝါးများတွင် ကင်ဆာရောဂါကု ဆေးဝါးများ၊ ဟော်မုန်းဓာတ်ပါဝင်သည့် ဆေးဝါးများ၊ ကာကွယ်ဆေးများနှင့် အင်ဆူလင်ခေါ် ဆီးချိုထိန်းထိုးဆေးတို့ ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံတွင် ဖြစ်ပွားနေသော ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ နိမ်နင်းမှုများပြုလုပ်ရာ၌ ပါဝင်ကူညီရန် ရောက်ရှိနေသော ဂျပန်ပညာရှင်များကို ဂျကာတာမြို့ စူလီယန်တီဆာရိုဆိုဆေးရုံတွင် အောက်တိုဘာ ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

နယူးအော်လင်းစ်၌ ရေထပ်မံလွှမ်းမိုးမည့်အန္တရာယ်ရှိနေ ရေကာတာကျိုးပေါက်ခဲ့သည့်နေရာ၌ သဲအိတ်များချထား

နယူးအော်လင်းစ် အောက်တိုဘာ ၆

လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် အမေရိကန်ပြည်ထောင်စု နယူးအော်လင်းစ်မြို့တွင် လေထန်ပြီး ဒီရေများတက်လာမှုကြောင့် နောက်ထပ်ရေလွှမ်းမိုးမှုများဖြစ်ပွားမည့် အန္တရာယ်ရှိနေကြောင်း အမေရိကန်ကြည်းတပ်မှ အင်ဂျင်နီယာတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။ သို့ရာတွင် ယင်းအခြေအနေကိုတားဆီးရန် အစီအစဉ်များချမှတ်ဖော်ဆောင်နေကြောင်း ပြောကြားသည်။

ကက်ထရီနာမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် ရေကာတာကျိုးပေါက်ပြီး မြို့တွင်းရေစီးဝင်ခဲ့သည့် တူးမြောင်းများအား ပိတ်ဆို့လျက်ရှိကာ ရေကာတာ ပြင်ဆင်နေစဉ် သဲအိတ်များချထားလျက်ရှိကြောင်း အင်ဂျင်နီယာတပ်ဖွဲ့က ပြောကြားသည်။

အရှေ့လေပြင်း တိုက်ခတ်မှုကြောင့် သာမန်ထက် ဒီရေများ ပိုမိုတက်လာစေရန် တွန်းအားပေးသလို ဖြစ်ခဲ့ကြောင်း၊ နယူးအော်လင်းစ်မြို့ တောင်ပိုင်း မိုင် ၆၀ အကွာရှိ မုန်တီဂတ်မြို့အနီးရှိ ရေကာတာတွင် ရေလျှံမှုဖြစ်ပွားနေသည်ဟု တပ်ဖွဲ့က ဖော်ပြသည်။

ရဟတ်ယာဉ်များက ရေကာတာကျိုးပေါက်သည့်နေရာနှင့် အခြားနေရာများတွင် သဲအိတ်များ ချထားပေးနေသည်ဟုဆိုသည်။

လူဝီစီယားနားနှင့် မစ္စစ္စပီပြည်နယ်များတွင် ဩဂုတ် ၂၉ရက်ကတိုက်ခတ်ခဲ့သည့်အင်အားပြင်းထန်သည့်ကက်ထရီနာ လေမုန်တိုင်းကြောင့် နယူးအော်လင်းစ်မြို့အား ကာကွယ်ထားသော ရေကာတာသည် ကျိုးပေါက်ပျက်စီးခဲ့ပြီး အဆိုပါမြို့၏အနိမ့်ပိုင်းဒေသများ၏ ၈၀ ရာခိုင်နှုန်းခန့်တွင် ရေလျှံခဲ့သည်။

ရီတာဟာရီကိန်း မုန်တိုင်းသည် တက္ကဆက်–လူဝီစီယားနားပြည်နယ်နယ်စပ်တွင် စက်တင်ဘာ ၂၄ ရက်က တိုက်ခတ်ခဲ့ပြီးနောက် ယာယီပြင်ဆင်မှုများပြုလုပ်ကာ ရေအများအပြားကို စက်များဖြင့် စုပ်ထုတ်ခဲ့ရသည်။ ရီတာမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကာတာများတွင် ရေများတက်လာပြီး နယူးအော်လင်းစ်မြို့ နေရာအသီးသီးတွင် ရေလျှံမှု နောက်ထပ်ဖြစ်ပွားခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။



အာဂျင်တီးနား၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွား သမ္မတဘုရှ်လာမည်ကိုမလိုလား၍ ဖောက်ခွဲခြင်းဟုယူဆ

ဗျူနိုစ်အေရီ(အာဂျင်တီးနား) အောက်တိုဘာ ၇

နိုဝင်ဘာလတွင် အာဂျင်တီးနားနိုင်ငံသို့ အမေရိကန်သမ္မတဂျော့ဂျ်၊ဒဗလျူ၊ဘုရှ် လာရောက်လည်ပတ်မည်ကို ကန့်ကွက်သောအားဖြင့် ဖောက်ခွဲသည်ဟု ယူဆရသော ဗုံးပေါက်ကွဲမှု လေးမှု အာဂျင်တီးနား၌ အောက်တိုဘာ ၆ရက်နေ့တွင် ဖြစ်ပွားခဲ့သည်။

ထိုဗုံးများမှာ အိမ်လုပ်ဗုံးများဖြစ်ပြီး အာဂျင်တီးနားရှိ အမေရိကန်ပိုင်ဘဏ်သုံးခုနှင့် ဗီဒီယိုစတိုးဆိုင်တစ်ဆိုင်တို့တွင် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ကဆိုသည်။

စီတီးဘင့်၏ ဘဏ်ခွဲနှစ်ခုနှင့် ဘင့်ဘော်စတွန်တို့တွင် ပေါက်ကွဲသွားသော ဗုံးများကြောင့် အသေအပျောက်မရှိသော်လည်း ဘလောက်ဘာစတာ ဗီဒီယိုစတိုးဆိုင်၌ ဖြစ်ပွားသော ပေါက်ကွဲမှုမှာ အထိအခိုက် အပျက်အစီးများကြောင်း သိရသည်။ အပျက်အစီးများအကြားတွင် "ဘုရှ်ကို အာဂျင်တီးနား၌ အလိုမရှိ" ဟူသော စာတန်းပါသည့် လက်ကမ်းစာများကို တွေ့ရသည်ဟု ဆန်မီဂူရယ်အရပ်မှ ရဲတပ်ဖွဲ့အကြီးအကဲ အော်စကာ ရောဒရီဂေါ့ဇ်က ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံတွင် ၂၀၀၁ ခုနှစ်က စီးပွားရေး အကျပ်အတည်းတွေ့ရစဉ် နိုင်ငံကလိုအပ်နေသော ငွေကြေးအကူအညီရရှိရေးကိစ္စတွင် အမေရိကန်က အတားအဆီးပြုလုပ်ခဲ့သောအဖြစ်နှင့် ပတ်သက်၍ အာဂျင်တီးနားပြည်သူများက အမေရိကန်ကို မကျေမနပ်ဖြစ်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

ဘာလီဗုံးပေါက်ကွဲမှုအတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ် ဗုံးခွဲသူများ၏ဓာတ်ပုံများကို ထုတ်လွှင့်ပြသ

ဒန်ပါဆာဟာလီ(အင်ဒိုနီးရှား) အောက်တိုဘာ ၆

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ အောက်တိုဘာ ၁ ရက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၇ဦးသေဆုံးပြီး ၁၂၂ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုအခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ မျက်မြင်တွေ့ရှိသူ ၃၉ဦးကို ဘာလီရဲတပ်ဖွဲ့က မေးမြန်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု ရဲအရာရှိတစ်ဦးက အောက်တိုဘာ ၄ ရက်တွင် ပြောကြားခဲ့သည်။

ထိုသို့ စစ်ဆေးမေးမြန်းခြင်းနှင့် သက်သေခံပစ္စည်းများကို စစ်ဆေးတွေ့ရှိချက်များအရ သဲလွန်စများ ရရှိဖွယ်ရှိကြောင်း၊ ဗုံးအဆက်မပြတ် ပေါက်ကွဲမှုတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးထားခြင်း မရှိကြောင်း ဘာလီပြည်နယ်ရဲတပ်ဖွဲ့၏ ပြည်သူ့ဆက်ဆံရေးဌာန လက်ထောက်အကြီးအကဲ ဆူနာကိုက အတည်ပြုပြောကြားခဲ့သည်။

သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများမှာ စနက်တံ၊ ဝါယာကြိုး၊ ဂျင်းပိတ်စ၊ ပိတ်ဖြူစ၊ ဖိနပ်ပါးနှင့် အခြားသော ပစ္စည်းများလည်း ပါဝင်သည်။ ထိုပစ္စည်းများ သိမ်းဆည်းရမိသောနေရာကို ဆူနာကိုက ထုတ်ဖော်ပြောကြားရန် ငြင်းဆိုခဲ့သည်။

၎င်းအပြင် ဗုံးခွဲသူသုံးဦး၏ ရုပ်အလောင်းအပိုင်းအစများကို မှုခင်းဆေးပညာအဖွဲ့က စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်ဟု၎င်းကထပ်မံပြောကြားခဲ့သည်။

ပြည်သူများ သတင်းပေးနိုင်ရန်အတွက် ဗုံးခွဲသူများ၏ ဓာတ်ပုံများကို အောက်တိုဘာ ၃ ရက်တွင် တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်ပြသခဲ့သည်ဟု ၎င်းက ဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ တရားရုံးများတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေး စောင့်ကြပ်နေသော ရဲတပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဥရောပဒေသ၌ ပစ္စည်းများအလစ်သုတ်ရာတွင် ဗြိတိန်နိုင်ငံသား ဦးရေအများဆုံးဟု စစ်တမ်းတွင် ဖော်ပြထား

လန်ဒန် အောက်တိုဘာ ၆

ဗြိတိန်နိုင်ငံသားများသည် ဥရောပဒေသတွင် ပစ္စည်းများအလစ်သုတ်ရာ၌ အများဆုံးဖြစ်နေကြောင်းဖြင့် ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် လေ့လာရေးစစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

၎င်းတို့သည် ဗြိတိန်နိုင်ငံရှိ ဆိုင်များမှ ပေါင် ၈ ဒသမ ၅၈ ဘီလီယံ တန်ဖိုးရှိပစ္စည်းများကို လွန်ခဲ့သည့်နှစ်အတွင်း အလစ်သုတ်ခိုးယူခဲ့ကြသည်။ ယင်းပမာဏသည် ဗြိတိသျှ လက်လီရောင်းချမှုပမာဏ၏ ၁ ဒသမ ၅၉ ရာခိုင်နှုန်းနှင့် တူညီသည်။

မုတ်ဆိတ်ရိတ်ဓားသည် အခိုးခံရဆုံးသောပစ္စည်းဖြစ်ပြီး အရက်နှင့် အလှပြင်ပစ္စည်းများမှာ ဒုတိယနှင့်တတိယ အခိုးခံရဆုံးပစ္စည်းများဖြစ်သည်ဟု ဗြိတိန်အခြေစိုက် လက်လီရောင်းချမှု သုတေသနဌာန၏ လေ့လာရေးစစ်တမ်းတွင် ဖော်ပြထားသည်။

စည်းကမ်းအရှိဆုံး

ဆွစ်ဇာလန် နိုင်ငံသားများသည် ဈေးဝယ်ရာတွင် စည်းကမ်းအရှိဆုံးသူများ ဖြစ်ကြသည်ဟု စစ်တမ်းတွင် ပါရှိသည်။

အလစ်သုတ်ယူထားသည့် ပစ္စည်းများ၏ တန်ဖိုးပမာဏသည် ဆွစ် လက်လီ ရောင်းချမှု ပမာဏ၏ သုညဒသမ ၈၉ ရာခိုင်နှုန်းသာရှိသည်။

ခိုးယူ

ဥရောပဒေသမှ နိုင်ငံသားများသည် ၎င်းတို့နိုင်ငံရှိဆိုင်များမှ ယူရို ၃၀ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ ပစ္စည်းများကို လွန်ခဲ့သည့်နှစ်အတွင်းက ခိုးယူခဲ့ သည်။

အမ်အင်အေ၊ရိုက်တာ။

ညီမျှတင့်တယ်သော သာယာပျော်ရွှင်ဖွယ် မြန်မာနိုင်ငံ

တက္ကသိုလ်တင်ခ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သမိုင်းဝင် သမိုင်းတွင်သည့် ခရီးစဉ်များ လှည့်လည်သွားလာရင်း နိုင်ငံအတွက် ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများသည် နောင်တွင် မော်ကွန်းဝင် ဖြစ်လာခဲ့ပေသည်။ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ ဆည်တမံအစီအမံများ၊ လမ်းတံတားကြီးများ စသည်တို့မှာ အချို့အဝက် လုပ်ငန်းသက်သေများသာ ဖြစ်ပေသည်။ ထိုခရီးစဉ်ထဲတွင် ၂၂–၁၁–၂၀၀၂ မှ ၇–၁၂–၂၀၀၂ ရက်နေ့အထိ ၁၆ ရက်ကြာ တိုင်းပြုပြည်ပြုခရီးစဉ်သည် အမှတ်ထင်ထင် တွင်ကျန်ရစ်ခဲ့သည်ဟု တင်ပြလိုပါသည်။ ထိုခရီးစဉ်များနှင့် စပ်လျဉ်း၍ စာရေးသူအနေဖြင့်**“သမိုင်းဝင် သမိုင်းတွင်မည့် ခရီးစဉ်မှတ်တမ်း”**ဆောင်းပါးများကိုလည်းကောင်း၊ ဆောင်းပါးရှင် ဦးဇော်က **“ကမ္ဘာ့အဆင့်အတန်းမီအောင် ကြိုးပမ်းကြစို့”** ဆောင်းပါးများကိုလည်းကောင်း ရေးသားတင်ပြခဲ့ကြပါသည်။

ဤတွင် နိုင်ငံတော်အကြီးအကဲ၏ ထူးခြားသော စစ်ဆေးချက်မှတ်တမ်းတစ်ရပ်ကို အမှတ်ထင်ထင် တင်ပြလိုပါသည်။ ဦးဇော်ရေးသားသည့် **“ကမ္ဘာ့အဆင့်အတန်းမီအောင် ကြိုးပမ်းကြစို့(၄)”** ဆောင်းပါးကို ရည်ညွှန်းရပါမည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပုဂံညောင်ဦး၊ ချောက်၊ ရေနံချောင်း၊ မကွေး၊ ပခုက္ကူ၊ မုံရွာ၊ အရာတော်၊ ခင်ဦး၊ ရေဦး၊ ဒီပဲယင်း၊ ဘုတလင်၊ ကလေး၊ ကလေးဝ၊ မြစ်သားစသည် မြို့များသို့ရောက်ရှိစဉ် မြို့နယ်တာဝန်ခံများနှင့် တွေ့ဆုံရာ၌–

“မင်းတို့မြို့နယ်မှာ လူဦးရေဘယ်လောက်ရှိသလဲ၊ ကျေးရွာအုပ်စု ဘယ်လောက်ရှိသလဲ”

“စပါးစိုက်ဧကရော ဘယ်လောက်ရှိသလဲ၊ ဒီလိုဆိုရင် မြို့နယ်မှာ ဆန်စပါးဖူလုံမှုရအောင် ဘယ်လိုလုပ်ကြမလဲ”

“ဒို့ကရောမင်းတို့မြို့နယ်အတွက် ဘာလုပ်ပေးရမလဲ၊ဒို့အပိုင်းက လုပ်ပေးလို့ရတာ၊ လုပ်ပေးထိုက်တာတွေ ဒို့လုပ်ပေးသွားမယ်”

“မင်းတို့က ဆန်ဖူလုံလာအောင် စိုက်ဧကကိုလည်း တိုးချဲ့၊ အထွက်နှုန်းကောင်းအောင်လည်း လုပ်ဖို့လိုတယ်”

“ကျေးလက်ဒေသမှာ ဝင်ငွေတိုးလာအောင် စိုက်ပျိုးရေးချည်းလုပ်နေလို့မဖြစ်ဘူး၊ မွေးမြူရေးကိုလည်း လုပ်ကြဖို့လိုတယ်”

“ငါးကန်တွေ ဘယ်လောက်ရှိသလဲ၊ ကြက်ရော၊ ဝက်ရော ဘယ်လောက်မွေးထားသလဲ”

“မြို့နယ်ရဲ့ ဂျီဒီပီ ဘယ်လောက်ရှိသလဲ၊ ဂျီဒီပီတက်အောင် နည်းလမ်းရှာကြရမယ်”၊ “ကုန်ထုတ်လုပ်မှုကဏ္ဍရော၊ ဝန်ဆောင်မှုကဏ္ဍပါ တက်လာဖို့လိုတယ်၊ ဒါမှ တစ်ဦးချင်းဝင်ငွေ (Per Capita Income) တက်လာမှာ”

“ဒီအတိုင်းဆိုရင် မင်းတို့မြို့နယ်ရဲ့ (Per Capita Income) နည်းနေသေးတယ်၊ ကြိုးစားကြဖို့လိုတယ်”

စသည်ဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မေးမြန်းပြီး မြို့နယ်စီးပွားရေးအခြေအနေ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာရေး၊ စိုက်ပျိုးရေရရှိရေး၊ ဒေသဆန်ဖူလုံရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစပ်လုပ်ကိုင်ရေး၊လူတစ်ဦးချင်းဝင်ငွေ တိုးတက်မြင့်မားရေးတို့နှင့် စပ်လျဉ်း၍ မေးမြန်းရင်း လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့အတူ မြို့နယ်၏ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို ဤသို့ မေးမြန်းခဲ့ပါသည်–

“မင်းတို့မြို့နယ်မှာ အထက်တန်းကျောင်း ဘယ်လောက်ရှိသလဲ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ဘယ်လောက်ရှိသလဲ၊ တက္ကသိုလ်ကျောင်းသားရော ဘယ်လောက်ရှိသလဲ”

“ဒါဆိုရင် ပညာသင်ကြားရေးမှာ Drop Out ရာခိုင်နှုန်းများနေပြီ သတိထားရမယ်”၊ “ပညာတတ်တွေများဖို့ လိုတယ်၊ ပညာတတ်တွေများလာမှ တိုးတက်မှာ”၊ “မြို့နယ်ပညာရေးမှူးကြီး စာရင်းဇယားလဲ လုပ်မထားဘူး”၊ “အေး–လုပ်ထားပြီးသားဆိုလဲ ကြည့်တတ်၊ သုံးသပ်တတ်ရမယ်”

“ကိုင်း– ကျန်းမာရေးလုပ်ပါဦး”၊“ဆေးရုံမှာ တစ်နှစ် လူနာ ဘယ်လောက်လာသလဲ၊ “သေနှုန်းကရော ဘယ်လောက်ရှိသလဲ”၊ “မွေးကင်းစသေနှုန်း၊ ငါးနှစ်နဲ့၁၅ နှစ်အတွင်းသေနှုန်း၊ အဲဒါတွေလဲ တွက်ထားရမယ်”၊ “အဖြစ်များတဲ့ရောဂါတွေက ဘာတွေလဲ”၊ “ကာကွယ်ဆေးတွေရော ထိုးရဲ့လား”

“လူတွေရဲ့သက်တမ်း ရှည်လာရမယ်၊ မြို့နယ်မှာ ယောကျ်ားသက်တမ်း၊ မိန်းမသက်တမ်းကိုရော တွက်ထားသလား”၊ “တစ်နိုင်ငံလုံးရဲ့ သက်တမ်းနဲ့ရော ယှဉ်ကြည့်ရင် ဘယ်လိုနေမလဲ”၊ “တိုက်နယ်ဆေးရုံ လိုချင်တယ်”၊ “ဒါဆိုရင် ဒီပတ်ဝန်းကျင်မှာ ရွာဘယ်လောက်ရှိသလဲ”၊ “မြို့နဲ့ ဘယ်လောက်ဝေးသလဲ”

“မင်းတို့က စာရင်းဇယားနဲ့ ခိုင်ခိုင်မာမာ ပြောနိုင်ရမယ်”

“စာရင်းဇယားကလဲ မှန်ကန်ရမယ်”

စသည့် မေးခွန်းများသည် မြို့နယ် ကျေးရွာပြည်သူများ၏ အကျိုးစီးပွား လူမှုရေးရာအဖြာဖြာကို သိရှိလို၍ မေးမြန်းခဲ့ခြင်းဖြစ်ပြီး ချက်ချင်းလက်ငင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ခြင်းများဖြင့် အမှတ်ထင်ထင် ပြုပြင်လမ်းညွှန်ခဲ့ပါသည်။

ထိုသို့ ၂၀၀၂ ခုနှစ်ကုန်ခါနီးတွင် နိုင်ငံတော်အကြီးအကဲ၏ အထက်မြန်မာပြည်ခရီးစဉ်တွင် အမှတ်ထင်ထင် မေးမြန်းလမ်းညွှန်ခဲ့သော ရှေ့ဆောင် မေးခွန်းများကို ၂၀၀၅ခုနှစ် စက်တင်ဘာလ၂၀ရက် ပတ်ဝန်းကျင်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် အမှတ်ထင်ထင် ပြန်လည်ဖြေကြားသွားသည်ကို သတင်းစာများတွင် ဖတ်ရှုမှတ်သားလိုက်ရပါသည်။

ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် စွမ်းဆောင်ပေးနိုင်မည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေရေးဆိုသည့် ပညာရေးဆိုင်ရာ အခြေခံကောင်းလည်း ဖြစ်ထွန်းရန်လိုအပ်၊ ထို့ကြောင့် ဒေသခံလူငယ်များအား ပညာရည် ထူးချွန်မှုမှသည် ပညာဉာဏ် ဗဟုသုတနှင့် ပြည့်စုံရေး၊ အမြင်ကျယ်ပြီး အတွေးအခေါ် မှန်ကန်လာစေရေးတို့အတွက် နယ်စပ်အစွန်အဖျားဒေသများပါမကျန် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသတွင်လည်း တိုင်းရင်းသားတို့၏ ရင်သွေးငယ်များ စာအံသံသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တစ်ခွင် လွှမ်းခြုံလျက်ရှိ။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ကျေးလက်ဒေသလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုလေ့လာရန်နှင့် အားပေးရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် အဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ရောက်ရှိစဉ် ရှမ်းပြည်နယ်တွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ကျိုင်းတုံဒေသရှိ ကျေးလက်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာပုံကို လက်တွေ့ကွင်းဆင်းလေ့လာခဲ့ကြပါသည်။ ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ မိခင်နှင့်ကလေးများ၏ အာဟာရဖွံ့ဖြိုးမှု ပြိုင်ပွဲနှင့် ဆုပေးပွဲ၊ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲအခမ်းအနားကိုလည်း ကျင်းပခဲ့ပါသည်။

ဤအခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့်ဇနီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေတာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့ တက်ရောက်ကြပြီး မိခင်များနှင့် ကလေးများအား ကြည့်ရှုအားပေးခဲ့ကြပါသည်။ ယင်းအခမ်းအနားသို့ ကျိုင်းတုံမြို့နယ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးလက်ဒေသများမှ ဒေသခံ တိုင်းရင်းသား ပြည်သူ ၁၂၀၀ကျော် ပါဝင်တက်ရောက်ခဲ့ကြပြီး ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု အနေအထားများကို ဆွေးနွေးဟောပြောခဲ့ကြပါသည်။

ထိုသို့ ဟောပြောဆွေးနွေးချက်များအနက် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အထက်မြန်မာပြည်ခရီးစဉ်တွင် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား လမ်းညွှန်မေးမြန်းမှာကြားခဲ့သည်များကို ပြန်လည်ဖြေကြား ရှင်းလင်းတင်ပြသည့်နှယ် ပြည်နယ် ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာတင်ဆွေအေး၏ ရှင်းလင်းပြောကြားချက်အချို့ကို ထင်ဟပ်ဖော်ပြလိုပါသည်–

“မြန်မာနိုင်ငံသည် ဗီတာမင်အေ တိုက်ကျွေးခြင်း လွှမ်းခြုံမှု အမြင့်မားဆုံးနိုင်ငံဖြစ်ကြောင်း၊ ဤနေရာတွင် အလျဉ်းသင့်၍ တင်ပြရမည်ဆိုလျှင် အသက်ငါးနှစ်အောက် ကလေးများသေနှုန်းကို ၁၉၉၀ ပြည့်နှစ်တွင် ကလေးအရှင်မွေး ၁၀၀၀ တွင် ၁၃၀ သေဆုံးခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ၆၆ ဒသမ ၆ အထိ လျှော့ချနိုင်ခဲ့ကြောင်း”

“၂၀၀၅ ခုနှစ်တွင် ၃၈ ဒသမ ၅ အထိ လျှော့ချရန်လျာထားကြောင်း၊ ထို့အတူ တစ်နှစ်အောက် သေနှုန်းကိုလည်း ၁၉၉၀ ပြည့်နှစ်တွင် ၉၈ မှ ၂၀၀၃ ခုနှစ်တွင် ၄၉ ဒသမ ၇ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း”

“ကျန်းမာရေးဝန်ကြီးဌာနက အသက်ငါးနှစ်အောက် ကလေးသေဆုံးမှုကို ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အရောက်တွင် သုံးပုံနှစ်ပုံလျှော့ချနိုင်ရန် စီမံကိန်း ချမှတ်ထားခဲ့ကြောင်း၊ ထိုသို့လုပ်နိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို စီမံချက်များဖြင့် ပြည့်ဝစွာ လုပ်ဆောင်စေခဲ့သည့်အတွက် ၂၀၀၃ ခုနှစ်အထိဆိုလျှင် တစ်ဝက်နီးပါး အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း”

“ထိုကဲ့သို့ ကောင်းမွန်သော ရလဒ်များရရှိခြင်းသည် မိမိတို့ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုတို့ ၏ စုပေါင်းအားထုတ်မှုများပင်ဖြစ်ကြောင်း၊ ဆက်လက်ပြီး စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု နိုင်ငံတကာ ရန်ပုံငွေက ထုတ်ပြန်သော စာရင်းဇယားများအရ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားကို တင်ပြလိုကြောင်း–

- **စားနပ်ရိက္ခာဖူလုံမှု ကိန်းညွှန်းဇယားတွင် မြန်မာနိုင်ငံ၏ အနေအထားမှာ အာရှ ၂၄ နိုင်ငံအနက် အဆင့်(၆)တွင် ရှိနေသည့်အတွက် မိမိနိုင်ငံ၏အောက်တွင် ၁၈နိုင်ငံရှိနေကြောင်း။**
- **ဆင်းရဲမှုညွှန်းပြကိန်းတွင်လည်း မြန်မာနိုင်ငံသည် အဆင့်(၉) မှာရှိသည့်အတွက် မိမိနိုင်ငံ၏အောက်တွင် ၁၅နိုင်ငံရှိနေကြောင်း။**
- **သက်ကြီးစာတတ်မြောက်မှုနှုန်း အခြေခံလိုအပ်ချက် ညွှန်းပြကိန်းတွင် မြန်မာနိုင်ငံသည် အဆင့် (၁၂)မှာရှိသည့်အတွက် မိမိနိုင်ငံ၏ အောက်တွင် ၁၂နိုင်ငံ ရှိနေကြောင်း။**

အထက်ပါ ရိက္ခာဖူလုံမှုညွှန်းပြကိန်း၊ ဆင်းရဲမှုညွှန်းပြကိန်းနှင့် အခြေခံ လိုအပ်ချက်ညွှန်းပြကိန်းတို့ကို ပျမ်းမျှတွက်ယူသည့် သက်သာချောင်ချိမှု ညွှန်းပြကိန်းအရ မြန်မာနိုင်ငံသည် အဆင့်(၇)မှာ ရှိနေသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ညီမျှတင့်တယ်သော သာယာရွှင်ပျော်ဖွယ် အနေအထားတွင်ရှိသည်ဟု ဆိုနိုင်ကြောင်းဖြင့် ဆွေးနွေးပြောကြားသွားသည်။

အဆိုပါဟောပြောပွဲ၌ပင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပညာရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ တွဲဖက်ပညာရေးမှူး ဦးသန်းညွှန့်က ဟောပြောရာတွင် နိုင်ငံတော်အစိုးရက တိုင်းရင်းသား ပြည်သူများအားလုံး လူနေမှုဘဝအဆင့်အတန်း မြင့်မားရေးအတွက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် စွမ်းဆောင်ပေးနိုင်မည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေရေးဆိုသည့် ပညာရေးဆိုင်ရာ အခြေခံကောင်းလည်း ဖြစ်ထွန်းရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ဒေသခံလူငယ်များအား ပညာရည်ထူးချွန်မှုမှသည် ပညာဉာဏ်ဗဟုသုတနှင့်ပြည့်စုံရေး၊ အမြင်ကျယ်ပြီး အတွေးအခေါ် မှန်ကန်လာစေရေးတို့အတွက် နယ်စပ်အစွန်အဖျားဒေသများပါမကျန် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသတွင်လည်း တိုင်းရင်းသားတို့၏ ရင်သွေးငယ်များ စာအံသံသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တစ်ခွင် လွှမ်းခြုံလျက်ရှိကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျောင်းနေအရွယ် ကလေးများအားလုံး၏ ကျောင်းဝင်နှုန်းသည် ၉၅ ဒသမ ၉၈ ရာခိုင်နှုန်းရှိပြီး ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုများမှ ကျန်းမာသန်စွမ်းသော ကလေးငယ်များ၊ အာဟာရပြည့်ဝသော ကလေးငယ်များ၊ ကျန်းမာရေးနှင့်ညီညွတ်သော မိခင်များ၊ မိခင်လောင်းများသည် ကျိုင်းတုံဒေသတစ်ခွင်တွင် ပေါ်ထွက်ခဲ့ပြီဖြစ်ကြောင်း ဆွေးနွေးပြောကြားသွားသည်။

၂၀၀၂ ခုနှစ် ၁၆ ရက်ကြာ အထက်မြန်မာပြည်ခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မေးမြန်းစစ်ဆေးမှုအသွင်ဖြင့် လမ်းညွှန်မှာကြားခဲ့မှုများသည် တစ်နိုင်ငံလုံး လိုက်နာကျင့်သုံး အကောင်အထည်ဖော်ရန် လှုံ့ဆော်လမ်းပြဘိသကဲ့သို့ ရှိခဲ့ပါသည်။ ကျိုင်းတုံဒေသသည် ယခင်က ဆူပူသောင်းကျန်းမှုဒဏ် ပြင်းပြင်းထန်ထန်ခံခဲ့ရသည်။ မငြိမ်းချမ်းသောဘဝနှင့် ငြိမ်းချမ်းတည်ငြိမ်သော အလုသည် အကွာကြီးကွာခဲ့ပြီ၊ မငြိမ်းချမ်းသောဘဝထက် ငြိမ်းချမ်းတည်ငြိမ်သော အလုက အသာကြီးသာပြီ။ ကျိုင်းတုံဒေသမှ တိုင်းရင်းသားရင်သွေးငယ်များ၏ စာအံသံ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တစ်ခွင်လုံးကို လွှမ်းခြုံလျက်ရှိနေပါပြီ။ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ပေးမှုများကြောင့် ကျန်းမာသန်စွမ်းသော ကလေးငယ်များ၊ မိခင်များ ရာနှုန်းပြည့်နီးပါး ဖြစ်ထွန်းနေပါပြီ။

ပြည်နယ်ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာတင်ဆွေအေးက ကျိုင်းတုံဒေသကို ကျော်လွန်၍ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကိုသာမက အာရှ ၂၄နိုင်ငံသို့ပါ နှံ့သိကြေညာအသိပေးလိုက်ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဗီတာမင်အေ တိုက်ကျွေးခြင်း လွှမ်းခြုံမှုအမြင့်မားဆုံးနိုင်ငံဖြစ်သည်။ စားနပ်ရိက္ခာဖူလုံမှု ကိန်းညွှန်းဇယားတွင် မြန်မာနိုင်ငံ၏ အနေအထားမှာ အာရှ ၂၄ နိုင်ငံ အနက် အဆင့်(၆)တွင် ရှိနေသည်။

ဆင်းရဲမှုညွှန်းပြကိန်းတွင်လည်း အဆင့်(၉)တွင်ရှိနေသည်။ သက်ကြီးစာတတ်မြောက်မှုနှုန်း အခြေခံလိုအပ်ချက် ညွှန်းပြကိန်းတွင် အဆင့်(၁၂) မှာ ရှိနေပါပြီ။

သို့ဖြစ်ရာ ရိက္ခာဖူလုံမှုညွှန်းပြကိန်း၊ ဆင်းရဲမှုညွှန်းပြကိန်းနှင့် အခြေခံလိုအပ်ချက် ညွှန်းပြကိန်းတို့ကို ပျမ်းမျှတွက်ယူသည့် သက်သာချောင်ချိမှု ညွှန်းပြကိန်းအရ မြန်မာနိုင်ငံသည် အဆင့်(၇)မှာ ရှိနေသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ညီမျှတင့်တယ်သော သာယာရွှင်ပျော်ဖွယ် နိုင်ငံအဖြစ် ရပ်တည်နိုင်လျက်ရှိပါကြောင်း ဂုဏ်ပြုမော်ကွန်းတင်အပ်ပါသည်။ ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်း၌ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသည့် အမျိုးသမီးရေးရာ တွေ့ဆုံဆွေးနွေးပွဲနှင့် ချို့တဲ့ကလေးများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✱ ကျောဖုံးမှ

ချို့တဲ့ကလေးများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မင်းကြည်အား ပညာရေး၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ တိုင်းမှူး၏ဇနီး တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များက ဒေသခံအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများအား ပညာရေး၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် လိုအပ်သည်များကို အားပေးမှာကြားပြီး အဖွဲ့ဝင်များနှင့်အတူ ကရသူရိမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆီကြိတ်စက်ရုံ

ထိုမှတစ်ဆင့် ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံဆီစက်ကုမ္ပဏီလီမိတက်၏ ဆီအုန်းဆီကြိတ် စက်ရုံသို့ ရောက်ရှိကြရာ တောင်ဒဂုံဆီစက်ကုမ္ပဏီ လီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ထွေးက ဆီအုန်းပင်စိုက်ပျိုးပြီးစီးမှု၊ ဆီကြိတ်စက်ရုံ တည်ဆောက်ပြီးစီးမှုနှင့် စက်လည်ပတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းတင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆီအုန်းပင်များကို သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးသွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဆီကြိတ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဘုတ်ပြင်းလေဆိပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘုတ်ပြင်းလေဆိပ်သို့ ရောက်ရှိစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဘုတ်ပြင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ကျောင်းအုပ်ဆရာကြီး ဦးချစ်သောင်းက လိုက်လံရှင်းလင်းပြသသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးသို့ ရောက်ရှိပြီး သပြေခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံရာ ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ဘုတ်ပြင်းမြို့နယ်၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ ပြည်သူများ ပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားရန် လိုကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် အထူးကုဆရာဝန်ကြီးများက ဒေသခံ ပြည်သူများအား အထွေထွေရောဂါ၊ သွားနှင့်ခံတွင်းရောဂါနှင့် သားဖွားနှင့် မီးယပ်ရောဂါများ အခမဲ့ ကုသပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဘုတ်ပြင်းမြို့ ဓမ္မဝိဇယကျောင်းတိုက်သို့ ရောက်ရှိကြရာ ကျောင်းတိုက် တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

ဖူးမြော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဓမ္မဝိဇယကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒာစက္ကအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဘုတ်ပြင်းတပ်နယ်ခန်းမသို့ သွားရောက်ပြီး ဘုတ်ပြင်းတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တပ်နယ်မိသားစုအတွက် ဆပ်ပြာများကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက စားသောက်ကုန်ပစ္စည်းများကို လည်းကောင်း ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ် သူရသက်ဦးမောင်အား ပေးအပ်ပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းလောဝ်ငင်းသို့ ရန်ပုံငွေများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အရာရှိ၊စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရွှေသရဖီ(၂)လမ်းနေ ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးလှ(ဘီအက်စ်စီ၊ ဘီအယ်လ်၊ ဘီစီအက်စ်)အား ရည်စူး၍ ဇနီး ဒေါ်စိန်ရင်နှင့် သားသမီး၊ မြေးတစ်စုတို့က စကြံလမ်းတစ်ခန်းအတွက် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သန်လျင်မြို့ သောက်တော်တွင်းရပ်ကွက် ဦးဘအိုလမ်းတစ်လျှောက် အောက်တိုဘာ ၁ ရက်က ရာဇသောက်ရေသန့်မိသားစုနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (၅၂၇)

ဝိပဿနာ တရားစခန်း ဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၇

အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံ့ကြီး)က သာကေတမြို့နယ် (၂)ရပ်ကွက် (မြောက်ပိုင်း) နှစ်ကျိပ်ရှစ်ဆူဗုဟိုဓမ္မာရုံတော်၌ အောက်တိုဘာ ၈ ရက်မှ ၁၄ရက်အထိ ညစဉ် ၆ နာရီခွဲမှ ၈ နာရီအတွင်း ဟောပြောပို့ချမည်ဖြစ်ရာ လာရောက် တရားအားထုတ်နိုင်ကြောင်း ဖိတ်ကြားထားသည်။ (က-ပ)

ပြည်တွင်းအား

❒ ဒို့မြန်မာပြည်၊ မြောက်ပိုင်းဆီက
မေခ မလိခ၊ မြစ်အလှနှစ်စင်း
ပေါင်းစည်းခြင်းကြောင့်…
မြစ်မင်းဧရာဝတီဖြစ်လာ၏…။

❒ တောင်တန်းမြေပြန့်၊ အနှံ့မြန်မာပြည်
ကမ္ဘာတည်အောင်၊ ညီနောင်သားချင်း
ချစ်ခြင်းတရား၊ နှလုံးသားဗဟိုပြု
တည်ထောင်မှုကြောင့်…
ပြည်ထောင်စုကြီးဖြစ်လာ၏…။

❒ မိုးစက်မိုးပေါက်၊ တဖြောက်ဖြောက်မှ
နေ့ညမနား၊ ကျဖန်များသော်
အင်အားလည်းဖြစ်၊ ချောင်းမှမြစ်သို့
မြစ်တို့မှလျှင်…
ပင်လယ်သမုဒ္ဒရာကြီးဖြစ်လာ၏…။

❒ မြေစိုင်မြေခဲများ၊ ဖို့ဖန်များသော်
မြင့်မားသီခေါင်၊ တောင်ကုန်းတောင်တန်း
အံ့မခန်းမျှ၊ ရိုးမအစင်းစင်း
အင်အားချင်းပြိုင်၊ ကြံ့ခိုင်ကျစ်လျစ်
ရှည်လျားနှစ်တွင်…
ကျောက်ဆစ်ကျောက်သားဖြစ်၍သွား၏…။

❒ ပေါင်းစည်းခြင်းကား၊ ပြည်သူ့အား…။

❒ ညီညွတ်ခြင်းကား၊ ပြည်သူ့ဓား…။

❒ အင်အားဟူသည်၊ စုပေါင်းညီက
မည်မျှခက်ခဲ၊ လက်တွဲမဖြုတ်
နောက်မဆုတ်ဘဲ၊ ရဲရဲရင်ဆိုင်
ဖြတ်သန်းနိုင်၏၊ ကျောက်ဆိုင်ကျောက်သား
ပြည်တွင်းအားကို၊ ဘယ်လိုရန်ငြိုး
ရန်သူမျိုးမှ…
ရိုက်ချိုးခြင်းငှာ၊ မစွမ်းသာ…။ ။

ဟသ်ာတမြင့်ငွေ

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် (၁၂)ရပ်ကွက် လှိုင်ရတနာလမ်းရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်အထိ (၆၂)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကျင်းပမည်ဖြစ်ရာ ကျောင်းကုန်းဆရာတော် ဦးစန္ဒသာရက ဝိပဿနာတရားတော်တို့ကို ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် အောက်တိုဘာ ၁၆ ရက် ညနေ ၅ နာရီအရောက် ကြွရောက်ကြရမည်ဖြစ်သည်။ ဆွမ်းကွမ်းလှူဒါန်းလိုသူများ အကျိုးတော်ဆောင်များနှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ဒဂုံ မြို့ နယ် အမှတ် (၁၀) အခြေခံ ပညာ မူလတန်းကျောင်း၏၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကိုအောက်တိုဘာ ၂ ရက်က ကျင်းပရာ ငါး နှစ် ဆက်တိုက် ပညာရည်ချွန် ပထမဆုရ မောင် ရဲ မင်းဦးအားကျောင်းအုပ်ဆရာကြီး ဦးဇော်မင်းထိန် ဆုချီးမြှင့်စဉ်။ (က-ပ)

ရွှေထီးတော်ဘုံအဆင့်ဆင့်ကို မင်္ဂလာပန်းရထားပေါ်သို့ ပင့်ဆောင်နှံ့သာရည်များ ပက်ဖျန်းကာ စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်

● **ရှု့ဖုံးမှ**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်ဇနီး၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စေတီတော်တည်ဆောက်ရေး ကော်မတီဝင်များ၊ အလှူရှင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦး စီး ချုပ်(ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင် အေး ၏ ဇနီးဒေါ်မြမြစန်း သိ ရီ ဝေ ရောစန စေတီတော်၏ ငှက်မြတ်နား တော် ကို ဆရာတော်ထံ ဆက် ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

လျှောက်ထားတင်ပြ

မဟာမင်္ဂလာအခမ်းအနားတွင် အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထား တင်ပြသည်။

အစီအစဉ်အရ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ကိုးပါးသီလခံယူ

ထို့နောက် ပဲခူးမြို့နယ် သုဓမ္မာနိကာယမဟာနာယက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓမ္မာလင်္ကာရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီးဒေါ်ကြိုင်ကြိုင်အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်နှင့် ပရိတ်သဲများကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်နှင့် ပရိတ်သဲများကို ယူဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်သည် စိန်ဖူးတော်နှင့် အထက်ဌာပနာတော်သွင်း ပစ္စည်းများကိုလည်းကောင်း၊ သက်နှင်း အစရှိသော လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ပဲခူးမြို့နယ် သုဓမ္မာနိကာယ မဟာနာယက ဓမ္မာလင်္ကာရ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓအား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းသည် ငှက်မြတ်နားတော်နှင့် သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့သည် ရွှေပန်းခိုင်နှင့် သင်္ကန်း အစရှိသော

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ သိရီဝေရောစန စေတီတော်၏ ရွှေပန်းခိုင်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှူဖွယ်ပစ္စ...
လှူဒါန်းသ...
ဆက်လ...
ရွှေမန်း၏...
သည် အထ...
ပစ္စည်းများ...
သော
ဆက်ကပ်...
ထို့နော...
ချုပ် ဗိုလ်...
ဒေါ်သန်းသ...
မှူး(၁) ဒုတိ...
၏ဇနီး ...
အထက်ဌာ...

**နိုင်ငံတေ...
ရေးနှင့်
အတွင်းရေ...
ဗိုလ်ချုပ်...
ဒေါ်ခင်ခ...
စေတီတေ...
သွင်းပစ္စ...
ထံ ဆက်...**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်
ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်...
၏ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော ပရိသတ်...
ပဲခူးမြို့နယ် ဉသာမြို့သစ် မဇင်းရေလှောင်တမံ...
သည့် သိရီဝေရောစနစေတီတော် ဌာပနာတော်သွင်...
ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ...
ပဲခူးမြို့နယ် သုဓမ္မာနိကာယ မဟာနာယက အ...
သဒ္ဓမ္မဇောတိက ဓမ္မာလင်္ကာရကျောင်းတိုက် ...
ဝိသုဒ္ဓထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြ...**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့ သိရီဝေရောစနစေတီတော် အထက်ဌာပနာတော်သွင်းပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

င်ပြင်၌ ပက်ဖျန်း
ည်။

ပ်လှူဒါန်း

ဗိုလ်ချုပ်မှူးကြီး
ဒေါ်ကြိုင်ကြိုင်
တ်နှင့် အထက်
း ပစ္စည်းများကို
သင်္ကန်း အစရှိ
ည်းများကိုလည်း
မြို့နယ် သုဓမ္မာ
နာယက ဓမ္မာ
င်းတိုက် ဆရာ
ဒ္ဓအား ဆက်ကပ်

ဒုတိယဗိုလ်ချုပ်
း၏ဇနီး ဒေါ်မြမြ

သီရိဝေရောစန
ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော ပရိသတ်များက ပဲခူးတိုင်း ပဲခူးမြို့နယ် ဥဿာမြို့သစ် မဇင်းရေလှောင်တမံအနီး၌ တည်ထားသည့် သီရိဝေရောစနစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားတွင် ပဲခူးမြို့နယ် သုဓမ္မာနိကာယ မဟာနာယက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓမ္မာလင်္ကာရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၏ဇနီး ဒေါ်ကြိုင်ကြိုင် သီရိဝေရောစန စေတီတော်၏ ရွှေထီးတော် ဘုံအဆင့်ဆင့်ကို မင်္ဂလာပန်းရထားပေါ်သို့ ပင့်ဆောင်၍ နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် သီရိဝေရောစန စေတီတော်၏ စိန်ဖူးတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စန်းသည် ငှက်မြတ်နားတော်နှင့် သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့သည် ရွှေပန်းခိုင်နှင့် သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်သည် အထက်ဌာပနာတော်သွင်း ပစ္စည်းများနှင့် သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အထက်ဌာပနာတော်သွင်း ပစ္စည်းများနှင့် သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သီရိဝေရောစန စေတီတော်အထက်ဌာပနာတော်သွင်းပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့သည် အထက်ဌာပနာတော်သွင်း ပစ္စည်းများနှင့် သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မန္တလေးမြို့ ဝိဇိတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အရှင်သူမြတ်က အနုမောဒနာတရားနှင့် ရေစက်ချတရားတော်တို့ကို ဟောကြားချီးမြှင့်တော်မူရာ ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

စိန်ဖူးတော်ပင့်ဆောင်

ယင်းနောက် ရုပ်ပွားဆင်းတုတော်များ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာတော်များနှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ရန် ဥပါသကာများ၊ ဒေဝါဝင်း၊ ရာဇာဝင်းများသည် သတ်မှတ်နေရာ၌ ကြိုတင်နေရာယူကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်သည် စိန်ဖူးတော်ကို စတင်၍ ပင့်ဆောင်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းသည် ငှက်မြတ်နားတော်ကို ပင့်ဆောင်သည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဌာပနာတော်သွင်းပစ္စည်းများနှင့် ထီးတော်ဘုံဆင့်များကို အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။

ထိုကဲ့သို့ မဟာမင်္ဂလာမဏ္ဍပ်မှ ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ရာတွင် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင် ရေးစပ်သီကုံးသော မင်္ဂလာဧကပိုဒ်ရတုကို နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့်က အနုပညာဦးစီးဌာန စည်တော်အဖွဲ့နှင့် တွဲဖက်၍ သီကျူးပူဇော်သည်။

ထို့နောက် ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်ရင်ပြင်မှနေ၍ ရွှေထီးတော်တင် မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ထိုနည်းတူစွာပင် တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် ဌာပနာတော်သွင်း ပစ္စည်းများနှင့် အရံစေတီတော်များ၏ ထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်၏ သတ်မှတ်နေရာ အသီးသီးသို့ အစီအစဉ်အတိုင်း ပင့်ဆောင်ပေးကြသည်။

ပန်းရထားပေါ်ပင့်ဆောင်

မင်္ဂလာအချိန် နံနက် ၉ နာရီ ၉မိနစ်တွင် ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို မင်္ဂလာပန်းရထားပေါ်သို့ ပင့်ဆောင်၍ နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကာ မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ပေးကြသည်။

ဆက်လက်၍ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်၍ အစီအစဉ်အတိုင်းမင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ပေးကြသည်။

ထိုအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စေတီတော်၏ အလယ်ဌာပနာတိုက်၌ လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက စေတီတော်၏ ငှက်ပျောဖူးရှိ အထက်ဌာပနာတိုက်၌ လည်းကောင်း ဌာပနာတော်သွင်း ပစ္စည်းများကို ထည့်သွင်းပူဇော်ကြပြီး ဌာပနာတော်တိုက်များနှင့် ဌာပနာတော်သွင်း ပစ္စည်းများကို နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်၍ ဌာပနာတိုက်များကို ပိတ်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ *

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် သီရိဝေရောစနစေတီတော် အထက်ဌာပနာတော်သွင်းပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ သီရိဝေရောစန စေတီတော် အထက်ဌာပနာတော်သွင်းပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

✻ စာမျက်နှာ ၉ မှ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့သည် စေတီတော်အထွတ်တွင် ကြိုတင် ပင့်ဆောင်ထားကြသည့် ရွှေထီးတော်ဘုံ အဆင့်ဆင့်တို့ကို တပ်ဆင်လှူဒါန်း ပူဇော်ပေးကြသည်။

ဆက်လက်၍ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တပ်ဆင်လှူဒါန်းပူဇော်ပေးကြပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ပေးကြသည်။

ထိုအချိန်တွင် ဆရာတော် သံဃာတော် အရှင်သူမြတ်များက ဇယန္တော ဖောဓိယာမူလေ အစရှိသော ဂါထာတော်ကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

တစ်ချိန်တည်းမှာပင် စေတီတော်၏ ထောင့်လေးထောင့်ရှိ အရံစေတီတော်လေးဆူအား တာဝန်ရှိသူများက ထီးတော်ဘုံအဆင့်ဆင့်တို့ကို တစ်ပြိုင်တည်း တပ်ဆင်လှူဒါန်း ပူဇော်ပေးကြသည်။

ထို့နောက် စေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား အောင်မြင်စွာ တပ်ဆင်လှူဒါန်း ပူဇော်ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က သိရီဝေရောစန စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က မင်္ဂလာ အောင်သြဘာစာတမ်းကို ဖတ်ကြားပူဇော်သည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ မဟာမင်္ဂလာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒေါ်ကြိုင်ကြိုင်သည် ရွှေထီးတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

ဆက်လက်၍ ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် သိရီဝေရောစန စေတီတော်အား လက်ယာရစ် တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညို၍ ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ပန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား မဋ္ဌူသကာရာမ ကျောင်းတော်၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

ဘေးဒုက္ခဆိုင်ရာ အရေးပေါ်ဖြစ်ပေါ်သည့်အခါတွင် အရေးပေါ်ဘေးဒုက္ခနှင့် တုံ့ပြန်ရေးအဖွဲ့ကို ကျေးရွာပြည်သူများအတွင်း ဖွဲ့စည်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖယ်ဒရေးရှင်းတို့ ပူးပေါင်းကြီးမှူးကျင်းပသည့် ကမ္ဘာ့ဘေးဒုက္ခဆိုင်ရာ အစီရင်ခံစာ-၂၀၀၅ နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဂရင်းပလာဇာပတ်ရှိုင်ရယ်ဟိုတယ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာလှမြင့်နှင့် အမှုဆောင်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း မြန်မာအဖွဲ့ရုံးမှ ကိုယ်စားလှယ် Ms. Joanna Maclean နှင့်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှကိုယ်စားလှယ်များ၊ နီးနွယ်သော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရှိ Disaster Preparedness and Response Division အနေဖြင့်လည်း ဘေးဒုက္ခများကြောင့် အသက်အိုးအိမ် ပစ္စည်း စသည်များ ဆုံးရှုံးမှုလျော့နည်းသက်သာစေရန်နှင့် ပြည်သူပြည်သားများ၏ ဘေးဒုက္ခများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်မှု၊ ရင်ဆိုင်မှုများ ပိုမိုသိနားလည်နိုင်ရန်၊ အသိပညာ၊ အတတ်ပညာများ လေ့လာဆည်းပူးသင်ကြား တတ်မြောက်စေရန်၊ ဘေးဒုက္ခအန္တရာယ်ကို ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ကယ်ဆယ်ရေးဆိုင်ရာ စီမံအုပ်ချုပ်ရေးသင်တန်းများ သင်ကြားပို့ချပေးနေတာကိုလည်း တွေ့ရကြောင်း၊ အထူးသဖြင့် အခြေခံကျသည့် ကျေးရွာရပ်ကွက်အတွင်းရှိ ရပ်ကွက်သူ၊ ရပ်ကွက်သား၊ ကျေးရွာသူ၊ကျေးရွာသား ပါဝင်ဆောင်ရွက်စေရန် ဖြစ်ကြောင်း။

ဘေးဒုက္ခဆိုင်ရာ အရေးပေါ်ဖြစ်ပေါ်သည့်အခါတွင်လည်း အရေးပေါ်ဘေးဒုက္ခနှင့် တုံ့ပြန်ရေးအဖွဲ့ကို ကျေးရွာရှိ ပြည်သူများ ပါဝင်သည့် အဖွဲ့များဖွဲ့၍ ဆောင်ရွက်ခြင်းအားဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်တာ တွေ့ရကြောင်း၊ သို့ဖြစ်ပါ၍ DART ဆိုသည့် Disaster Assessment Response Team တို့ကို ကျေးရွာပြည်သူများအတွင်း ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ဘေးဒုက္ခများကို ရင်ဆိုင်နိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်ဒေသအချို့တို့မှ ဆူနာမီဘေးဒုက္ခသည်များကို International Federation of Red Cross and Red Crescent Societies ၏ ပံ့ပိုးကူညီမှုဖြင့် ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည် စသည့် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း၊ မြို့နယ် ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဝိုင်းဝန်းကူညီကြသည့် အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း မြန်မာအဖွဲ့ရုံးမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Ms. Joanna Maclean က အမှာစကားပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ဘေးဒုက္ခဆိုင်ရာ အစီရင်ခံစာ -၂၀၀၅ မှ ဘေးဒုက္ခ ကျရောက်စဉ် သတင်းအချက်အလက် (Focus on Information in Disasters) များကို ဆလိုက်များဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ MRCS in the Disaster Management စာတမ်းကို လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာနမှ Dialogue Presentation ကို လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ National Disaster Preparedness and Response Management စာတမ်းကိုလည်းကောင်း၊ မီးသတ်ဦးစီးဌာနမှ Fire Disaster စာတမ်းကို လည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ Common Natural Disaster in Myanmar စာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖယ်ဒရေးရှင်းတို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ဘေးဒုက္ခဆိုင်ရာအစီရင်ခံစာ-၂၀၀၅နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် တည်ဆောက်ဆဲ သုံးထပ်မဂ္ဂင်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ၁၀ သိန်းကို မိဘများဖြစ်သည့် ဦးသန်းဆွေ-ဒေါ်ဖေယျာခင်တို့အား ရည်စူး၍ သားသမီးများဖြစ်သော ကိုအောင်အောင်-မဖေယျာဆွေ၊ ကိုညီညီအောင်-မထက်ထက်ဆွေ၊ ကိုနေလင်းတင်-မခင်ချမ်းအေး၊ မြေးများ အမှတ်-၂၆၉/၂၇၁၊ အောက်ပုဇွန်တောင်လမ်းက လယ်တီစံသာသနာ့ရိပ်သာ အကျိုးတော်ဆောင်စာရင်းစစ် ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၁၀-၂၀၀၅ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၁၀	မေးကြည့်ဖြေကြည့်ပဟေဠိ
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	မြန်မာ-ကိုရီးယား ချစ်ကြည်ရေး နှစ်(၃၀)ပြည့် အထိမ်းအမှတ် စင်တင် တေးဂီတဖျော်ဖြေပွဲ
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	ကရာတေးဒိုအားကစား
၉း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀	မိသားစုတနင်္ဂနွေ (တိရစ္ဆာန်ဥယျာဉ်)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	အထွက်ကောင်း အရည်အသွေးကောင်း မှော်ဘီ(၃) စပါးမျိုးသစ်
၁၀း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅	မြန်မာ့သိုင်းပညာသမိုင်းစဉ်
၁၀း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

World Cup Qualifiers ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်

၀၉း၀၀	ပွဲကြိုသုံးသပ်ချက်
လိုင်း	5-Cartoons(Live)
၀၉း၂၅	England-Austria
လိုင်း	5-Cartoons(Live)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ ခုနှစ် အောက်တိုဘာလအတွက်

(၉-၁၀-၂၀၀၅)ရက်နေ့

နှင့်

(၃၀-၁၀-၂၀၀၅)ရက်နေ့

သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ်၂၀၀၄ခုနှစ်၊သီတင်းကျွတ်ကာလနှင့်တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)များအား-

(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၂၀၇ မှုတွင်တရားခံ ၂၁၀အားအနည်းဆုံးထောင်ဒဏ်နှစ်နှစ်မှအများဆုံးထောင်ဒဏ်သုံးနှစ်အထိ ချမှတ်အရေးယူခဲ့သည်။

(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများ ပြုလုပ်သဖြင့် အရေးယူမှု ၁၀၇မှုတွင် တရားခံ ၁၆၀အား အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၅ ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင် ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ အောက်ပါအတိုင်း အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေအရ အများဆုံးထောင်ဒဏ်အထိ ချမှတ်မည် ဖြစ်ပါသည်။

(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း) ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှု ပိုမိုတိုးတက်လာ ယာဉ်တိုက်ခိုက်မှု လျော့နည်းကျဆင်းစေရေး ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အစည်းအဝေးသို့ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့အနေဖြင့် ရန်ကုန်မြို့တော်အတွင်း ယာဉ်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းစေရေးနှင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးတို့အတွက် အပတ်စဉ် ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်၍ စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိရာ ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုများ ယခင်ကထက် သိသိသာသာ လျော့နည်းကျဆင်းမည်ဖြစ်ပြီး ပြည်သူများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမှာလည်း ပိုမိုတိုးတက်လာပြီဖြစ်ကြောင်း၊ ယာဉ်တိုက်ခိုက်မှုလျော့နည်း ကျဆင်းစေရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာမှု တိုးတက်လာစေရေးအတွက် ဆက်လက်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ရေးနှင့် စီမံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်က ယာဉ်တိုက်ခိုက်မှု လျော့နည်းကျဆင်းစေရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ လိုက်နာကြစေရေးတို့အတွက် ပညာပေး၊ ကြပ်မတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးနှင့် မော်တော်ယာဉ်များအား စီအင်န်ဂျီ သဘာဝ ဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

ယောနယ်အသင်း စာအောင်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

ယောနယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ (၃၇)ကြိမ်မြောက် ယောသံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)က ဦးဆောင်၍ စာအောင်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် အမှတ် (၄၅/၅၀) ကမ္ဘာအေးဘုရားလမ်း အဘိဓမ္မာ ရတနာဃရဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။ နိုင်ငံတော်က ကျင်းပသော စာမေးပွဲနှင့် ငယ်၊ လတ်၊ ကြီးအောင် ဓမ္မာစရိယ (ကျမ်းပြီး)ပုဂ္ဂိုလ်များသည် အောက်တိုဘာ ၁၉ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးအေးမောင် (အမှတ်–၅၂၊ လမ်း –၃၀)၊ ဦးအောင်မြ ဒုတိယဥက္ကဋ္ဌ (အမှတ်–၁၄၀၊ ၃၇ လမ်း)၊ ဦးသာလှ အတွင်းရေးမှူး (အမှတ်–၉၉၊ ဆိပ်ကမ်းသာလမ်း၊ ဖုန်း–၃၈၀၄၄၈)တို့ထံ လျှောက်လွှာတင်သွင်းတော်မူကြပါရန်နှင့် ပင့်စာမရသေးသော သံဃာတော်များ ဥက္ကဋ္ဌထံရယူ၍ ပင့်လျှောက်လွှာဖြင့် တစ်ပါတည်း ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က–ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ် ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့်ငွေ၊ ဆေးနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁ ရက်က M-3 Food Center တွင် ကျင်းပရာ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးပေးစဉ်။ (မိခင်/ကလေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈–၁၀–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **တစ်ဘဝသာသနာကျမ်းပြုဆရာတော်၏ သာသနာတစ်ဘဝ အပိုင်း(၃)**
- ၈:၃၀ ၁၀။ **ဆရာတော်ဦးယောသိတ တရားတော် –ဣန္ဒြေငါးပါးအင်အားညီမှ**
- ၉:၃၀ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၉:၃၁ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၅။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၆။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် –Element of Simpling Problems. (တတိယနှစ်–စီးပွားရေးပညာအထူးပြု)**
- ၅:၃၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၅၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုး ဖွင့်ကြပါလိမ့်မယ်" (အပိုင်း–၂၅)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **၂၀၀၅–၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးခြေစစ်ပွဲ England Vs Austria (Live)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

အမ်းမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

အမ်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် ကထိန်အလှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အောင်ရာမြေ ပရိယတ္တိကျောင်းတိုက်၌ နိုဝင်ဘာ ၆ရက် နံနက် ၈နာရီမှစ၍ ကျင်းပမည်ဖြစ်၍ မြို့နယ်သူ၊ မြို့နယ်သားများအား ဖိတ်ကြားထားသည်။ အသက်(၈၀)နှင့်အထက် အဘိုး၊ အဘွားများစာရင်းနှင့် အသင်းဝင်များ၏ သားသမီး အိမ်ထောင်စုဝင်များမှ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများစာရင်းကို အသင်းတည်ရာ အောင်ရာမြေကျောင်း ဖုန်း–၅၇၃၃၄၇ သို့ အောက်တိုဘာ ၃၀ရက်ထက် နောက်မကျစေဘဲ ပေးပို့ကြရန် နှိုးဆော်ထားသည်။ (က–ပ)

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်အရန်ပစ္စည်းများပြပွဲကျင်းပ စက်မှုဇုန်များမှစက်မှုလုပ်ငန်းရှင်များ ကြည့်ရှုလေ့လာ

ရန်ကုန် အောက်တိုဘာ ၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်အရန်ပစ္စည်းများပြပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါစက်အရန်ပစ္စည်းများပြပွဲသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ကျွမ်းကျင်သူပညာရှင်များ၊ စက်မှုဇုန်အသီးသီးမှ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းက အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံအသီးသီးမှ လိုအပ်သော စက်အရန်ပစ္စည်းများကို မိမိစက်ရုံ၊ အလုပ်ရုံများမှ ထုတ်လုပ်လျက်ရှိရာ ယင်းစက်အရန်ပစ္စည်း ၃၉၅မျိုးကို တစ်ဖက်တွင် ခင်းကျင်းပြသထားပါကြောင်း၊ မိမိအလုပ်ရုံများမှ မထုတ်လုပ်နိုင်သော စက်အရန်ပစ္စည်းများကို အခြားဝန်ကြီးဌာနအောက်ရှိ အလုပ်ရုံများ၊ မြန်မာ့မီးရထား၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ အလုပ်ရုံများသို့ အပ်နှံဆောင်ရွက်သည့်အပြင် ပြည်တွင်း စက်မှုလုပ်ငန်းရှင်များနှင့် စက်မှုဇုန်များကလည်း ဝယ်ယူသုံးစွဲရပါကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူသုံးစွဲရသည့် စက်အရန်ပစ္စည်း ၈၅၈မျိုးကို အခြားတစ်ဖက်တွင် ခင်းကျင်းပြသထားပါကြောင်း၊ ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များနှင့် စက်မှုဇုန်များက ပြည်ပသွင်းကုန်အစားထိုးအဖြစ် စက်အရန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော စက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များ၊ စက်မှုပညာရှင်များနှင့် ဧည့်သည်များသည် ပြပွဲ၌ ခင်းကျင်းပြသထားသော အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံအသီးသီးက ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူရသော စက်အရန်ပစ္စည်းများနှင့် စက်ရုံအလုပ်ရုံများမှ တီထွင်ထုတ်လုပ်သော စက်အရန်ပစ္စည်းများကို အသေးစိတ် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဆွေးနွေးညှိနှိုင်းခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ စက်ရုံအသီးသီးမှ လိုအပ်သော စက်အရန်ပစ္စည်းများကို ပြည်တွင်းစက်မှုဇုန်အသီးသီးက ထုတ်လုပ်နိုင်ရေးနှင့် ပတ်သက်၍ စက်မှုဇုန်များမှ စက်မှုပညာရှင်များနှင့် စက်မှုလုပ်ငန်းရှင်များက အကျယ်တဝင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြသည်။

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ဆွေးနွေးအကြံပြုချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေး ညှိနှိုင်းခြင်း အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ စက်အရန်ပစ္စည်းများပြပွဲကို အောက်တိုဘာ ၈ရက်နှင့် ၉ရက်တို့တွင် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ဆက်လက်ခင်းကျင်းပြသထားမည်ဖြစ်ပြီး စက်မှုဇုန်များမှ စက်မှုပညာရှင်များနှင့် စက်မှုလုပ်ငန်းရှင်များ၏ ထုတ်လုပ်နိုင်မည့်အဆိုပြုလွှာကို အောက်တိုဘာ ၉ရက် ညနေအထိ လက်ခံသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အမှတ် (၁) စက်မှုဝန်ကြီးဌာန စက်အရန်ပစ္စည်းများ ပြပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးအား ဂျာမနီနိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းအား Dr.Paul Pasch (Germany, Division for International Cooperation Department for Asia and the Pacific, Head of South East Asia Desk) **နှင့်** Prof. Dr.Michael von Hauff(Economist) **တို့သည် စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီတွင် အဖွဲ့ချုပ်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းဆောင်ရွက်ချက်များ၊ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ခင်ထားမေနှင့် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းအား Dr. Paul Pasch (Germany, Division for International Cooperation Department for Asia and the Pacific, Head of South East Asia Desk) **နှင့်** Prof. Dr. Michael von Hauff (Economist) **တို့ လာရောက်တွေ့ဆုံကြစဉ်။** (အမျိုးသမီးရေးရာအဖွဲ့ချုပ်)

ဗိုဝိတဒါနသံဃာ့ဆေးရုံကြီး ဆေးပညာဟောပြောပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုဝိတဒါနသံဃာ့ဆေးရုံကြီး ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူး၍ ဆေးအဖွဲ့ငယ်မှ စီစဉ်ကျင်းပသော ဆေးပညာဟောပြောပွဲကို ယနေ့ နံနက် ၁၁နာရီတွင် အဆိုပါ ဆေးရုံကြီး ရာဇဂြိုဟ်ဆောင် မင်္ဂလာခန်းမ၌ ကျင်းပရာ ဒေါက်တာကျော်ဝင်း(ဗိုလ်မှူးချုပ် အငြိမ်းစား)က (Multi Drug Resistant Malaria)စာတမ်းကိုလည်းကောင်း၊ Dr. Kjeld Hougaard က (Understanding and Prevention of Stroke) စာတမ်းကို လည်းကောင်း ဟောပြောကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈–၁၀–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အကပြိုင်ပွဲ
၈း၀၀ ၆။ တေးဂီတအစီအစဉ်
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ မင်းလှရေလှောင်တမံ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Grammar Made Easy.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့်မိစ္ဆာခွင်းဓား (အပိုင်း–၄၄)**
၁း၁၀ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁း၂၀ ၈။ **"ပတ္တလားဝိညာဉ်" [ဦးအောင်ပြည့်၊ စောနိုင် (ရှမ်းပြည်)၊ ညီကျော်၊ ဂွမ်းပုံကြီး၊ ခင်ဦးသာ] [ဒါရိုက်တာ–ထူးအောင် (မြမြင်းမိုရ်)]**
၁း၄၅ ၉။ ရုပ်ရှာပညာပဒေသာ ပွင့်ပါမနေး ကျေးလက်ဖွံ့ဖြိုးရေး (အပိုင်း–၁)
၂း၀၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂း၁၅ ၁၁။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ" (မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ကေရီကျော်ကျော်) (ဒါရိုက်တာ–မောင်ယဉ်ကျော်)**
၂း၂၀ ၁၂။ အတီးပြိုင်ပွဲ
၂း၃၀ ၁၃။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ(မြား)
၂း၄၅ ၁၄။ International News.
၃း၀၀ ၁၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၂၀ ၁။ ၂၀၀၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ) အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းနှင့် တပ်မတော်(ရေ)ဘောလုံးအသင်း
၅း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၀ ၃။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)**
၅း၄၅ ၄။ အကပြိုင်ပွဲ
၅း၅၅ ၅။ ၂၀၀၅ခုနှစ်၊ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး)(ဝါသနာရှင်အဆင့်) (အမျိုးသား)
၆း၀၅ ၆။ ထာဝစဉ်နှလုံးမြန်မာ့ဂီတ (အတီးပညာဘာသာရပ် ဆွေးနွေးခန်း) (အပိုင်း–၅)
၆း၁၅ ၇။ တေးဂီတအစီအစဉ်
၆း၃၀ ၈။ ညနေခင်းသတင်း
၇း၀၀ ၉။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိမ်းလဲ့မေတ္တာကန်သာယာ" (အပိုင်း–၁၃)**
၇း၃၅ ၁၁။ တေးဂီတအစီအစဉ်
၇း၄၅ ၁၂။ ဖွံ့ဖြိုးမှုအလုပန်းများရှုမငြီး ကျေးလက်ဆင်ရှာကြီး
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထာဝရချစ်သူ" (အပိုင်း–၁၄)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

ရန်ကုန် အောက်တိုဘာ ၇

လွန်ခဲ့သော (၂၄)နာရီအတွင်းက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် (၀၆း၃၀)နာရီအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင် တုံကင်းပင်လယ်ကွေ့အတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လျက်ရှိပြီး အနောက်ဘက်သို့ရွေ့လျားလျက်ရှိသည်။

အောက်တိုဘာ ၈ ရက် ညနေအထိ ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံမှ ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Co., Ltd မှ Vice President . Mr. Makin Petplai သည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Co., Ltd မှ Vice President Mr. Makin Petplaiက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ခုနစ်မိုင် ပြည်လမ်းမှ နှစ်ဖက်သောမိဘများအားရည်စူး၍ ဆေးတက္ကသိုလ်(၁) ဓာတ်မှန် ဘွဲ့လွန် သင်တန်းဥက္ကဋ္ဌ၊ ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး ဓာတ်မှန်ဌာန ဌာနမှူး၊ ဓာတ်မှန်ဆရာဝန်ကြီး(ငြိမ်း) ပါမောက္ခ ဒေါက်တာဦးထွန်းရီ၊ ဇနီး ဒေါ်နန်းမြ ချင်းနှင့် သားသမီးမြေးတစ်စုက အက်ဖ်အီးစီ ၁၅၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာ ညီလာခံကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း သားဖွားမီးယပ်ပညာ အဖွဲ့က ကြီးမှူးကျင်းပသော (၇)ကြိမ်မြောက် မြန်မာနိုင်ငံ သားဖွားမီးယပ်ပညာ ညီလာခံကို မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး)၌ အောက်တိုဘာ ၁၅ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ သားဖွား မီးယပ်ပညာရှင်များနှင့် စိတ်ပါဝင်စားသူ ဆရာဝန်များ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် အောက်တိုဘာ ၇

၂၀၀၅ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအကြိုဗိုလ်လုပွဲအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်ယာ အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းနှင့် အမှတ်(၅၅) ခြေမြန် တပ်မ ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဒုတိယအကြို ဗိုလ်လုပွဲအဖြစ် တပ်မတော်(ရေ)အသင်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်း တို့သည် အောက်တိုဘာ ၈ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်ယာ အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

ကျွန်းကုန်းဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် အောက်တိုဘာ ၇

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် ကျွန်းကုန်း ကျေးရွာ မိုးကုတ်ဝိပဿနာ ရာသက်ပန် အမြဲတမ်း တရားစခန်းဓမ္မရိပ်သာကြီး တွင် ခုနစ်ရက် တရားစခန်းကို အောက်တိုဘာ ၂၁ရက်မှ ၂၇ရက် အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း နယ်လှည့်သာသနာပြု ဓမ္မကထိက မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အရှင်ပညိန္ဒာဘိဝံသ (ဆရာကြီးဦးမြင့်ဆွေ)က ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်သည်။ အောက်တိုဘာ ၂၁ရက်တွင် စုပေါင်း မဟာ ဘုံကထိန်ပွဲ ကျင်းပမည်ဖြစ်ရာ ယောဂီသူတော်စင်များ အောက်တိုဘာ ၂၀ရက် အရောက်လာရန်နှင့် ဖုန်း ၀၅၃–၃၀၄၃၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

သမဝါယမအသင်း အရောင်းဆိုင်ဖွင့်

ရန်ကုန် အောက်တိုဘာ ၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ခိုင်သဇင်ရောင်းဝယ်ရေး သမဝါယမအသင်း အရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ကြံခင်းစုရပ်ကွက်ရှိ အဆိုပါအရောင်းဆိုင်တွင် ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားတွင် သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ ရန်ကုန်တိုင်း အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရဲအောင်(ငြိမ်း)နှင့် မင်္ဂလာဒုံ မြို့နယ် အသင်းစုချုပ်ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က စံပြသမဝါယမအရောင်းဆိုင်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက ဆိုင်အတွင်းရှိ အရောင်းခန်းမများသို့ လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ (၂၉)

ပြည်သူ့ထံမှ ပေးစာ

ယဉ်ကျေးစွာဆက်ဆံပြောဆိုသင့်

စာတည်းရှင့်–

ကျွန်မတို့သည် ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ် လိုင်းကားများဖြင့် နေ့စဉ်အလုပ် တက်ဆင်း သွားလာနေကြသူများ ဖြစ်ပါသည်။ သက်ဆိုင်ရာတို့၏ ကြပ်မတ်ဆောင်ရွက်မှုများကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာလာကြသည်ကို တွေ့မြင်နေရပါသည်။

ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် အများစုမှာ စည်းကမ်းလိုက်နာကြသော်လည်း အချို့သော ယာဉ်နောက်လိုက်များမှာ ခရီးသည်များအား ပြောဆိုဆက်ဆံရာ၌ အလွန်ကြမ်းတမ်းစွာ ပြောဆိုဆက်ဆံ နေဆဲဖြစ်ပါသည်။ ခရီးသည်များ စိတ်ချမ်းသာစွာ ခရီးသွားလာနိုင်ရေးအတွက် ယာဉ်နောက် လိုက်များ အားလုံး ယဉ်ကျေးစွာ ဆက်ဆံပြောဆို ကြရေးသက်ဆိုင်ရာမှဆက်လက်ကြပ်မတ် ပေးပါရန် တင်ပြလိုက်ရပါသည်။

မရွှေစင်နှင့်သူငယ်ချင်းများ

အမှိုက်ပုံဖယ်ရှားပေးပါ

စာတည်းရှင့်–

ကျွန်မတို့နေထိုင်သော မင်္ဂလာတောင်ညွန့်မြို့နယ် မြယာကုန်းလမ်း ရွှေမြယာအိမ်ရာစီမံကိန်းနှင့် အမဲဈေး အနီးတွင် အမှိုက်ပုံကြီး ရှိပါသည်။ ၎င်းအမှိုက်ပုံမှ အနံ့ဆိုးများကြောင့် ဈေးသွားဈေးလာများ၊ ပတ်ဝန်းကျင်နေ ပြည်သူများမှာ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ပါ၍ မြယာကုန်းလမ်းမှ အမှိုက်ပုံကို အမြန်ဆုံးဖယ်ရှား ပေးပါရန် တင်ပြအပ်ပါသည်။

မြယာကုန်းသူ

ပြည်သူ့ထံမှ ပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊(၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ ပေးပို့နိုင်ပါသည်။

နံနက် ၉ နာရီ မင်္ဂလာဒုံခေါင်းလှည့်ရထား ပြေးဆွဲပေးစေချင်

စာတည်းခင်ဗျား–

မြန်မာ့မီးရထားက မြို့ပတ်ရထား များ ပြေးဆွဲပေးတဲ့အတွက် ခရီးသွား လာရတာ အဆင်ပြေပါတယ်။ ပိုမို ပြည့်စုံကောင်းမွန်ရေးအတွက် အကြံပြု လိုပါတယ်။

ယခင်က မင်္ဂလာဒုံဘူတာမှ နံနက် ၉ နာရီ ခေါင်းလှည့်ရထား ပြေးဆွဲပေး တဲ့အတွက် ဝါယာလက်၊ ကျိုက္ကလဲ့နဲ့ မင်္ဂလာဒုံနေ ပြည်သူများ ရန်ကုန်မြို့ တွင်းသို့ သွားလာအလုပ်ဆင်းရတာ အဆင်ပြေပါတယ်။ ယခုအခါ ၎င်း ၉ နာရီ ခေါင်းလှည့်ရထားသည် မင်္ဂလာဒုံအထိ မလာတော့ဘဲ ပုရွက်ဆိတ်ကုန်း ဘူတာမှ ခေါင်းပြန်လှည့် တဲ့အတွက်အခက်အခဲကြုံတွေ့ရပါတယ်။

မင်္ဂလာဒုံဘူတာမှ ရန်ကုန်ဘူတာ ဘက်သို့ နံနက် ၈ နာရီ မြို့ပတ်ရထား သွားပြီးလျှင် ၁၀ နာရီ မြို့ပတ်ရထား ကိုသာစောင့်ပြီး စီးကြရပါတယ်။ ဒါကြောင့် ယခင်က ပြေးဆွဲခဲ့တဲ့ အစဉ် အလာအတိုင်း နံနက် ၉ နာရီ မင်္ဂလာဒုံ ဘူတာမှ ခေါင်းလှည့်ရထားကိုပြန်လည် ပြေးဆွဲပေးပါရန်တင်ပြလိုက်ရပါတယ်။

ဝန်ထမ်းတစ်ဦး

ရေမြောင်းများ ပိတ်ဆို့နေမှု ရှင်းလင်းပေးပါ

စာတည်းရှင့်–

ဗိုလ်တထောင်မြို့နယ် လမ်း ၅၀ အောက်လမ်းရှိ ရေမြောင်းများသည် အမှိုက်သရိုက်များ ပိတ်ဆို့နေခြင်း ကြောင့် မြောင်းရေများ မစီးဆင်းဘဲ ခြင်ပေါက်များပြီး အနံ့ဆိုးများ နံကာ ပတ်ဝန်းကျင်သန့်ရှင်းမှု မရှိပါ။

ထို့ကြောင့် သွေးလွန်တုပ်ကွေးနှင့် အခြားရောဂါများ မဖြစ်ပွားစေရန်နှင့် မြောင်းများ ရေစီးရေလာ ကောင်းမွန် စေရန်အတွက် ရေမြောင်းများပိတ်ဆို့ နေမှုကို အမြန်ဆုံး ဖယ်ရှား ရှင်းလင်း ပေးပါရန် တင်ပြ အပ်ပါသည်။

ရပ်ကွက်သူများ

ချိုင့်ခွက်များပြုပြင်ပေးပါ

စာတည်းရှင့်–

ရန်ကုန်မြို့ ပုဇွန်တောင် စာတိုက် မှတ်တိုင်နှင့် ပုဇွန်တောင်ဈေး မှတ်တိုင် အကြားရှိ လမ်းမကြီးမှာ ချိုင့်ခွက် များကြောင့် ယာဉ်များသွားလာရမှု ခက်ခဲနေပါသည်။ သို့ပါ၍ ယင်း လမ်းမကြီး ကောင်းမွန်အောင် အမြန် ဆုံးပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

မြို့တော်သူ

စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးသူ ကြပ်မတ်အရေးယူ

စာတည်းခင်ဗျား–

ရန်ကုန်မြို့တော် သန့်ရှင်းလှပစေရေး အတွက် အဘက်ဘက်က စီမံဆောင်ရွက် လျက်ရှိရာ လမ်းများ၊ ဈေးများ၊ ပန်းခြံ များ သန့်ရှင်းသပ်ရပ်မှုရှိလာပါသည်။ သို့သော် စည်းကမ်းမဲ့ကွမ်းတံတွေးထွေး သူများကြောင့် မြို့တော်၏လမ်းများ၊ အဆောက်အအုံများတွင် အကျည်းတန် သည့် မြင်ကွင်းများကိုတွေ့မြင်နေရပါ သည်။ ၎င်းအပြင် ကွမ်းစားသူအချို့ က မော်တော်ယာဉ်များပေါ်မှပင် လမ်းပေါ်သို့ စည်းကမ်းမဲ့ ကွမ်းတံတွေး ထွေးချခြင်းကြောင့် ကားပေါ်မှခရီးသည် များ၊ လမ်းဘေးတွင် ရပ်နေသူများ၊ ရပ်ထားသောကားများ ကွမ်းတံတွေး ပေကျံကြရပါသည်။ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးသူများကို ကြပ်ကြပ် မတ်မတ်အရေးယူပေးပါရန် တင်ပြပါ သည်။

ခရီးသည်တစ်ဦး

မထသ ၄၅ အောင်မင်္ဂလာကားစီးရေတိုးပေးစေလို

စာတည်းရှင့်–

ကျွန်မတို့ ရုံးဝန်ထမ်းများသည် မထသယာဉ်လိုင်းအမှတ် ၄၅ ဆူးလေ– အောင်မင်္ဂလာလိုင်းကားစီး၍ နေ့စဉ် ရုံးတက်ကြရပါသည်။ ဆူးလေမှ အောင်မင်္ဂလာဂိတ်ဆုံးအထိ ပြေးဆွဲ သဖြင့် ဝန်ထမ်းများနှင့် အဝေးပြေး ဂိတ်သို့ သွားရောက်ကြမည့် ခရီးသည် များအတွက်ပါ လွယ်ကူချောမွေ့သော ခရီးစဉ်ဖြစ်ပါသည်။ သို့သော် ၄၅ (ဆူးလေ–အောင်မင်္ဂလာ) ကားများမှာ မိနစ် ၂၀၊ တစ်ခါတရံ မိနစ် ၄၀ ခန့်မှသာ တစ်စီးလာသဖြင့် ကားစောင့်ရသည်မှာ အချိန်ကုန် လှပါသည်။

သို့ပါ၍ ၄၅ (ဆူးလေ–အောင်မင်္ဂလာ) လိုင်းကားစီးရေ တိုးချဲ့ပြေးဆွဲ ပေးပါရန် တင်ပြပါသည်။

နှင်းနှင်းအေး

သံပြားထုသံ နားမခံသာ

စာတည်းခင်ဗျား–

ကျွန်တော်တို့ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၅)ရပ်ကွက် ပြည်ထောင်စု လမ်းမကြီး ယောက်ကော်မှတ်တိုင်အနီးတွင် သံပြားများ ပြုလုပ်သည့်လုပ်ငန်းတစ်ခု ရှိပါသည်။ သံပြားများ ထုရိုက်သံမှာ အနီးပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများနှင့် ကလေး သူငယ်များ နားမခံသာအောင်ဆူညံနေပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြပါသည်။

နားမခံနိုင်သူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဆီအုန်းပင်စိုက်ပျိုးပြီးစီးမှုနှင့် တောင်ဒဂုံ ဆီအုန်းဆီကြိတ်စက်ရုံ ကြည့်ရှုစစ်ဆေး ပြည်သူများအားတွေ့ဆုံ၍ ဒေသဆန်ဖူလုံရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် အောက်တိုဘာ ၇

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ခမောက်ကြီးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် အောက်တိုဘာ ၄ရက် နံနက်ပိုင်းတွင် ခမောက်ကြီးမြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာ၍ လမ်းတစ်လျှောက် ဆီအုန်းပင်ပျိုးခင်းနှင့် ဆီအုန်းပင်စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုကြပြီး ဘုတ်ပြင်းမြို့နယ် ချောင်းကပြာကျေးရွာရှိ အဏ္ဏဝါထွန်းကုမ္ပဏီလီမိတက်၏ ဆီအုန်းပင်ပျိုးခင်းသို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံ ဆီစက်ကုမ္ပဏီလီမိတက် ဆီအုန်းဆီကြိတ်စက်ရုံ အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဆီအုန်းပင်ပျိုးခင်းကိုလည်းကောင်း၊ ပျိုးပင်ပေါက်ကို ပလတ်စတစ်အိတ်သေးအတွင်းမှ မြေဖြည့်သွင်းထားသည့် ပလတ်စတစ်အိတ်ကြီးအတွင်းသို့ အော်ဂါ(Augar)ဖြင့် ပြောင်းရွှေ့စိုက်ပျိုးခြင်းနှင့် အမြွှာပျိုးပင်ပေါက်ကို တစ်ပင်စီ ခွဲထုတ်စိုက်ပျိုးခြင်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အဏ္ဏဝါထွန်းကုမ္ပဏီလီမိတက် ဆီအုန်းပင်ပျိုးခင်း၌ ဆီအုန်းပင် အပင်ပေါက် ၉၂၀၀၀ ကို စိုက်ပျိုးထားကြောင်းနှင့် ၂၀၀၆ခုနှစ်တွင် စိုက်ပျိုးနိုင်ရန် မျိုးစေ့ ၄ ဒသမ ၅ သိန်း ပျိုးထောင်ထားကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့သို့ ရောက်ရှိကြပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ကရသူရိမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် မိမိတတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ကြရန်၊ ရေလုပ်ငန်းကိုချည်းအားကိုးမနေဘဲ ဒေသဆန်ဖူလုံအောင် စိုက်ပျိုးသွားကြရန် အကျယ်တဝင့်မှာကြားသည်။

ပေးအပ်

ယင်းနောက် အဆိုပါ စုပေါင်းရုံးခန်းမ၌ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသည့် အမျိုးသမီးရေးရာ တွေ့ဆုံဆွေးနွေးပွဲနှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့ ***

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- *ယခုအခါ နိုင်ငံတော်က တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေးဦးတည်ချက်နှင့်အညီ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် တစ်ခဲနက် အားပေးမြှင့်တင်လျက်ရှိသည်။ တစ်မျိုးသားလုံး၊ ပြည်သူတစ်ရပ်လုံးကလည်း မြန်မာ့အားကစား အောင်မြင်မှုအပြည့်အဝရရှိစေရန် အင်တိုက်အားတိုက် မျှော်လင့်အားပေးနေသည့် ကာလဖြစ်ပေသည်။*

  ခေါင်းကြီး (စာမျက်နှာ-၂)

- *မငြိမ်းချမ်းသောဘဝနှင့် ငြိမ်းချမ်းတည်ငြိမ်သောအလှသည် အကွာကြီးကွာခဲ့ပြီ၊ မငြိမ်းချမ်းသောဘဝထက် ငြိမ်းချမ်းတည်ငြိမ်သောအလှက အသာကြီးသာပြီ။ ကျိုင်းတုံဒေသမှ တိုင်းရင်းသား ရင်သွေးငယ်များ၏ စာအံသံ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တစ်ခွင်လုံးကို လွှမ်းခြုံလျက်ရှိနေပါပြီ။ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ပေးမှုများကြောင့် ကျန်းမာသန်စွမ်းသော ကလေးငယ်များ၊ မိခင်များ ရာနှုန်းပြည့်နီးပါး ဖြစ်ထွန်းနေပါပြီ။*

  တက္ကသိုလ်တင်ခ၏ **"ညီမျှတင့်တယ်သော သာယာပျော်ရွှင်ဖွယ် မြန်မာနိုင်ငံ"** ဆောင်းပါး (စာမျက်နှာ-၆)

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များ ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ စုပေါင်းရုံးခန်းမ၌ ဒေသခံအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများအား စကားဝိုင်းဖွဲ့၍ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်းကြောင့် မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၇

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင် တုံကင်းပင်လယ်ကွေ့အတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လျက်ရှိပြီး အနောက်ဘက်သို့ ရွေ့လျားလျက်ရှိသည်။ ယင်းလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညပိုင်းမှ နောက် ၄၈ နာရီအတွင်း မြန်မာနိုင်ငံအရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် အောက်ပိုင်းအချို့ဒေသများ၌ နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြေညာထားသည်။ (သတင်းစဉ်)